ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်တွင် စတင်ထုတ်ဝေသည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## အပူပိုင်းဒေသဖြစ်သဖြင့် စီမံကိန်းနယ်မြေ ဇရိယာအစပ်များနှင့် လစ်လပ်မြေနေရာများတွင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို ဖန်တီးပေးရမည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းနေရာသို့ ရောက်ရှိကြရာ စီမံကိန်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စီမံကိန်းဥက္ကဋ္ဌက မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို စီမံကိန်း အကွက်ချပုံစံငယ်ဖြင့် ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စီမံကိန်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က မန္တလေး-မြို့သာစက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို စီမံကိန်းအကွက်ချပုံစံငယ်ဖြင့် ရှင်းလင်းတင်ပြစဉ်။


**ယနေ့** ဖတ်စရာ

**ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုစိတ်ဓာတ်** — ဆောင်းပါး စာမျက်နှာ » ၈

**လူငယ်နှင့် ဘဝအောင်မြင်ရေး** — စာမျက်နှာ » ၂၀၊ ၂၁



**SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း** — စာမျက်နှာ » ၁၇

ကြေးမုံ

# ဥပဒေဖောက်ဖျက်အကြမ်းဖက် အမြစ်ပါမကျန်တိုက်ဖျက်

မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်လာသည်ကို အကြောင်းပြု၍ မိမိတို့ရည်မှန်းချက်အောင်မြင်ရေး၊ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ စိုးရိမ်ကြောက်ရွံ့ထိတ်လန့်မှုဖြစ်စေရန်အတွက် မြို့ရွာသို့ အလစ်အငိုက်ထိုးဖောက်ဝင်ရောက်ပြီး တိုင်းပြည်ကိုဖျက်ဆီးနေသည့် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများ၏ လုပ်ရပ်များကို မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။

အကြမ်းဖက်အဖျက်သမားများသည် အုပ်ချုပ်ရေးပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် မြို့ရွာများရှိ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်းအပြင် မြို့ရွာနေပြည်သူများအား နှိပ်စက်ညှဉ်းဆဲ လုယက်တိုက်ခိုက်သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကယားပြည်နယ်ရှိ မြို့ရွာဒေသအချို့သို့ဝင်ရောက်၍ မြို့ခံ၊ ရွာခံ၊ နေအိမ်အဆောက်အအုံများကို အကာအကွယ်ယူကာ အုပ်ချုပ်ရေးယန္တရားပျက်ပြားအောင် တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့သည်။ ထိုစဉ်က လက်နက်ကိုင်သောင်းကျန်းသူများက မြို့ရွာများကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ပြည်သူများမှာ စစ်ဘေးရှောင်ပြေးခဲ့ကြသည်။ တပ်မတော်သည် ရှိသမျှလက်နက်အင်အား၊ လူအင်အားဖြင့် ရဲဝံ့စွန့်စားကာ ခုခံတိုက်ထုတ်ခဲ့ကြသည်။ ပြည်သူများက တပ်မတော်ကို ဝိုင်းဝန်းကူညီထောက်ပံ့ပေးခဲ့ကြသည်။ လက်နက်ကိုင်သောင်းကျန်းသူများ မြို့ရွာများမှ ဆုတ်ခွာထွက်ပြေးခဲ့ကြပြီး တောတောင်နယ်စပ်များတွင် ခိုလှုံခဲ့ကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည်မှ ယနေ့ထက်တိုင်အောင် ခေတ်အဆက်ဆက်တွင် သောင်းကျန်းသူချေမှုန်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်ခဲ့မှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်များမှာ သူ့နေရာနှင့်သူ မှျခြေတွင် ရပ်တည်နေခဲ့ကြသည်။ လက်နက်ကိုင်အဖွဲ့များသည် မြို့ရွာများသို့ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုခဲ့ကြချေ။ ရံဖန်ရံခါနှင့် စစ်ဆင်ရေးကာလများတွင်သာ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တောတောင်များတွင် ထိတွေ့မှုများရှိခဲ့သည်။ တပ်မတော်သည် ငြိမ်းချမ်းရေးကို အလေးထားရှေးရှု၍ ပစ်ခတ်တိုက်ခိုက်မှုများကို အကြိမ်ကြိမ်ရပ်စဲပေးခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံရေးအစွန်းရောက်များသည် ၎င်းတို့အာဏာရရှိရေးအတွက် တိုင်းပြည်အလုံးစုံပျက်စီးရေးကို လုပ်ကိုင်လာကြသည်။ အကြမ်းဖက်အဖွဲ့များအဖြစ်သတ်မှတ်ထားသော CRPH နှင့် NUG တို့သည် ပြည်ပသို့ထွက်ပြေး၍ ပြည်တွင်းမှ ပြည်သူအချို့ကို လမ်းမှားပေါ်သို့ တွန်းတင်ပေးခဲ့သည်။ KIA နှင့် KNPP တိုင်းရင်းသားလက်နက်ကိုင်များနှင့်ပူးပေါင်းပြီး ဖောက်ခွဲရေးသင်တန်းများ၊ စစ်သင်တန်းများပေး၍ လက်နက်များထောက်ပံ့ပေးကာ မြို့ရွာများတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ကိုင်လာကြသည်။ ယခုအခါ တပ်မတော်သည် အကြမ်းဖက်အဖျက်သမားများအား ထိရောက်စွာနှိမ်နင်းခဲ့ပြီး တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

မကြာမီကာလက ကယားပြည်နယ်ရှိ မြို့ရွာအချို့တွင် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများက စတင်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ အကြမ်းဖက်သောင်းကျန်းသူများသည် လူနေအဆောက်အအုံများ၊ အစိုးရပိုင်အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများကို အကာအကွယ်ယူ၍ တိုက်ခိုက်ခဲ့ကြသည်။ မြို့ရွာများအတွင်း တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ထွက်ခွာကြရာတွင် အကြမ်းဖက်သောင်းကျန်းသူများက ထွက်ခွာခွင့်မပေးဘဲ ပြည်သူများအား လူသားတံတိုင်းသဖွယ်အသုံးပြု၍ အကာအကွယ်ယူခဲ့ကြသည်။ စစ်ဘေးရှောင်ပြည်သူများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ခားစာခံပြုလုပ်ခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကို တုံ့ပြန်ရာတွင် အပြစ်မဲ့ပြည်သူများ ထိခိုက်မှုမရှိအောင် အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်ခဲ့၍ ပြည်သူများ ထိခိုက်မှုမရှိခဲ့ချေ။ အကြမ်းဖက်သောင်းကျန်းသူများသည် မြို့ရွာများကို တိုက်ခိုက်ပြီး မြို့ရွာအတွင်း တည်ငြိမ်မှုပျက်ပြားအောင် ဆူပူမှုများပြုလုပ်ခဲ့ကြသည်။ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏လုပ်ရပ်များသည် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ဘာသာရေးနှင့်သက်ဆိုင်သည့် အဆောက်အအုံများ၊ လူနေရပ်ကွက် အဆောက်အအုံများကို တိုက်ခိုက်ခဲ့ကြသည်။

သို့ဖြစ်ရာ တိုက်ပွဲအတွင်း ဒေသခံပြည်သူများအား အသက်အန္တရာယ်ဇုန်မှ ကင်းလွတ်အောင် ထွက်ခွာခွင့်ပေးရမည့်အစား လူသားတံတိုင်းအဖြစ် အသုံးချခဲ့သော ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်သည့် အကြမ်းဖက်အဖျက်သမားများအား ထိရောက်စွာ ဝိုင်းဝန်းတိုက်ဖျက်ရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ငါးမှု စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှု ရုံးထိုင်ကြားနာ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊ ဒေါ်ခင်မေရီ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၄/၂၀၂၀ (မကွေး)၊ ၁၆/၂၀၂၀ (မန္တလေး)၊ ၂၀/၂၀၂၀ (မန္တလေး)၊ ၂၁/၂၀၂၀ (မွန်) နှင့် ၂၃/၂၀၂၀ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၄ / ၂၀၂၁ (တနင်္သာရီ)၊ တရားမအထူးအယူခံမှုအမှတ် ၃၂/ ၂၀၂၀ (ရန်ကုန်)၊ ၃၃/၂၀၂၀ (မန္တလေး)၊ ၃၄/၂၀၂၀ (မန္တလေး) နှင့် ၄၀/၂၀၂၀ (မကွေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုအကျိုး သယ်ပိုးဖို့ အသိပညာ မြှင့်တင်ဖို့

မြန်မာကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄ - ၁-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၃၀၀ | ၂၄၇ | ၂,၂၅၁,၂၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၁၁၁ | ၃၄၄,၆၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၅၀ | ၁,၀၀၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂၄ | ၆၄,၈၀၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၀ | ၀ |
| AMATA | ၅,၁၀၀ | ၅,၁၀၀ | ၁၀၀ | ၅၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၂၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၁၃.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၀.၉၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၈၃၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၀၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၂.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၂.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၅.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၆၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမုနိပိဋကတ်တိုက်တော်ကြီး ပြုပြင်မွမ်းမံနေမှုအခြေအနေများကို ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။


## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဂေါပကဥက္ကဋ္ဌ ဦးစိုးလင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြပြီး ရုပ်ရှင်တော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားပရိဝုဏ်တော်အတွင်း လက်ယာရစ်လှည့်လည်ပူဇော်၍ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မဟာမုနိပိဋကတ်တိုက်တော်ကြီး ပြုပြင်မွမ်းမံနေမှုအခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားပရိဝုဏ်တော်အတွင်းရှိ မြန်မာ့လက်မှုအနုပညာပစ္စည်းများ ပြခန်းနှင့် သမိုင်းပန်းချီပြခန်းတို့အတွင်း လှည့်လည်ကြည့်ရှု၍ ပြခန်းများအတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများနှင့် ပန်းချီကားများသည် တန်ဖိုးဖြတ်၍မရသည့် သမိုင်းဝင်ပစ္စည်းများ၊ လက်ရာများဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းထားရှိရန် လိုအပ်သည့်အခြေအနေ၊ သမိုင်းအချက်အလက်များကို စနစ်တကျ မှတ်တမ်းတင်ပြုစုထားမှသာလျှင် နောင်လာနောက်သားများ အလွယ်တကူလေ့လာနိုင်ပြီး တန်ဖိုးထားနိုင်မည်ဖြစ်သဖြင့် ရှေးဟောင်းပစ္စည်းများ၏ အလှူရှင်များမှတစ်ဆင့် ခေတ်ကာလ အထောက်အထားများ၊ အချက်အလက်များကိုပြုစု၍ စနစ်တကျ မှတ်တမ်းတင်ထားရှိရန် လိုအပ်သည့်အခြေအနေ၊ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ရာတွင် မူလအမှတ်အသားနှင့် အထောက်အထားများ ပျောက်ပျက်မှုမရှိစေရေး ကျွမ်းကျင်ပညာရှင်များနှင့် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကဥက္ကဋ္ဌ ဦးစိုးလင်းနှင့် အဖွဲ့ဝင်များက လက်ခံရယူကြစဉ်။

- ☆ ပြခန်းများအတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများနှင့် ပန်းချီကားများသည် တန်ဖိုးဖြတ်၍မရသည့် သမိုင်းဝင်ပစ္စည်းများ၊ လက်ရာများဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းထား
- ☆ သမိုင်းအချက်အလက်များကို စနစ်တကျ မှတ်တမ်းတင် ပြုစုထားမှသာလျှင် နောင်လာနောက်သားများ အလွယ်တကူလေ့လာနိုင်ပြီး တန်ဖိုးထားနိုင်မည်ဖြစ်သဖြင့် ရှေးဟောင်းပစ္စည်းများ၏ အလှူရှင်များမှတစ်ဆင့် ခေတ်ကာလအထောက်အထားများ၊ အချက်အလက်များကိုပြုစု၍ စနစ်တကျမှတ်တမ်းတင်ထားရှိရန်လိုအပ်
- ☆ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ရာတွင် မူလအမှတ်အသားနှင့် အထောက်အထားများ ပျောက်ပျက်မှုမရှိစေရေး ကျွမ်းကျင်ပညာရှင်များနှင့် ဆောင်ရွက်

# ရပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ

**မိမိတို့အနေဖြင့် နိုင်ငံတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း အမြဲမပြတ် ကြိုးစားလေ့လာသင်ကြား၊ သင်ယူနေမည်ဆိုပါက ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တိုးတက်မှုများရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြင်းခြံမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်အတွင်း ဆောင်ရွက်မည့် တိုင်းဒေသကြီး မွေးမြူရေးဇုန်နှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**☆ ရွှေဖုံးမှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းအတွင်းရှိ စက်မှုဇုန်နယ်မြေသို့ ရောက်ရှိကြရာ စီမံကိန်းဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ ဒေါက်တာထွန်းထွန်းအောင်တို့က စက်မှုဇုန်နယ်မြေအတွင်း ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည့် အခြေအနေ၊ ဒေသ၏ စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကို တန်ဖိုးမြင့်ကုန်ချောများအဖြစ် ထုတ်လုပ်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ဖန်တီးပေးရမည်**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စီမံကိန်းဧရိယာသည် အပူပိုင်းဒေသဖြစ်သဖြင့် စီမံကိန်းနယ်မြေ ဧရိယာအစပ်များနှင့် လစ်လပ်မြေနေရာများတွင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်နယ်မြေအတွင်း လာရောက်ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ရာ၌ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုချက်များကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုတင်လျှောက်ထားစေခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာ၌ ပိုမိုမြန်ဆန်စေမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးသုံးစွဲမှုနှင့် ပတ်သက်၍ နိုင်ငံတော်မှ ဆောင်ရွက်ပေးထားသည့် လျှပ်စစ်ဓာတ်အားအပြင် မိုးရွာရက်နည်းပြီး ပူပြင်းသောဒေသဖြစ်သည့်အတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူ သုံးစွဲနိုင်ရေးအတွက်လည်း လုပ်ဆောင်ကြစေလိုကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြင်းခြံမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်အတွင်း ဆောင်ရွက်မည့် တိုင်းဒေသကြီး မွေးမြူရေးဇုန်မြေနေရာသို့ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက မြင်းခြံမြို့နယ်နှင့် ငါန်းဇွန်မြို့နယ် အကြားရှိ မြေဧက ၃၀၀၀ ကျော်ကို မွေးမြူရေးဇုန်အဖြစ် ဆောင်ရွက်ရန် လျာထားဆောင်ရွက်နိုင်မည့် အခြေအနေနှင့် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က လျာထားဆောင်ရွက်မည့် မွေးမြူရေးဇုန်အတွင်းသို့ ရေရရှိရေးဆောင်ရွက်ပေးနိုင်မည့်အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးမှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မွေးမြူရေးဇုန်များအဖြစ် သတ်မှတ်ဆောင်ရွက်ရာတွင် ဒေသနှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်မည့် စနစ်ကျနသည့် မွေးမြူရေးစနစ် ဖြစ်စေရေးရေရှည်ကို မြော်တွေး၍ သေချာစွာ တွက်ချက်ဆောင်ရွက်ကြရန် လိုအပ်သည့် အခြေအနေ၊ မွေးမြူရေးဇုန်အတွင်း ဧရိယာတစ်ခုသတ်မှတ်၍ solar plants တစ်ခု ဆောင်ရွက်ပြီးရရှိလာသည့် လျှပ်စစ်ဓာတ်အားဖြင့် မြစ်ရေတင်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်နေရာများတွင် အသုံးချနိုင်မည်ဆိုပါက အကျိုးအမြတ်ရရှိနိုင်သည့် အခြေအနေနှင့် မြေဧရိယာများကို မွေးမြူရေးဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်ရာတွင် ဥပဒေနှင့်ကိုက်ညီမှုရှိရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- **မွေးမြူရေးဇုန်များအဖြစ် သတ်မှတ်ဆောင်ရွက်ရာတွင် ဒေသနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်မည့် စနစ်ကျနသည့် မွေးမြူရေးစနစ် ဖြစ်စေရေးရေရှည်ကို မြော်တွေး၍ သေချာစွာ တွက်ချက်ဆောင်ရွက်ကြရန် လိုအပ်**
- **မွေးမြူရေးဇုန်အတွင်း ဧရိယာတစ်ခုသတ်မှတ်၍** solar plants **တစ်ခု ဆောင်ရွက်ပြီး ရရှိလာသည့် လျှပ်စစ်ဓာတ်အားဖြင့် မြစ်ရေတင်ခြင်းနှင့် မွေးမြူရေး လုပ်ငန်းအတွက် လိုအပ်သည့်နေရာများတွင် အသုံးချနိုင်မည်ဆိုပါက အကျိုးအမြတ် ရရှိနိုင်**
- **မြေဧရိယာများကို မွေးမြူရေးဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်ရာတွင် ဥပဒေနှင့် ကိုက်ညီမှုရှိရန် လိုအပ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရှင်းလင်းတင်ပြစဉ်။

# မြန်မာနိုင်ငံအတွက် သံနှင့် သံမဏိလုပ်ငန်း ပြန်လည်နိုးကြား တစ်ခေတ်ဆန်းလာစေရေးနှင့် မြန်မာ့စက်မှုလုပ်ငန်း ယခုထက် ပိုမိုတိုးတက်လာစေရေး မြင်းခြံသံမဏိစက်ရုံမှ အဓိကအင်အားစုအဖြစ် အားဖြည့်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သံမဏိစက်ရုံစီမံကိန်းများ ဆောင်ရွက်ထားရှိမှု၊ သံနှင့် သံမဏိပစ္စည်းများ ပြည်ပမှ တင်သွင်းမှုနှင့် ပြည်တွင်း၌ ထုတ်လုပ်နေမှုအခြေအနေ၊ နှစ်အလိုက် သံနှင့် သံမဏိပစ္စည်းများ သုံးစွဲမှုလိုအပ်ချက်၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်း ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေလျာထား တောင်းခံမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ကိုလည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မြင်းခြံ-သာစည် လမ်းပိုင်း၊ သာစည်-ရွှေညောင်လမ်းပိုင်း၊ ရွှေညောင်-တောင်ကြီး လမ်းပိုင်းနှင့် တောင်ကြီး-ဆိုက်ခေါင် လမ်းပိုင်းများတွင် လမ်းပိုင်းများအလိုက် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်ခြင်းနှင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအတွင်း သံရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက်နှင့် ဒိုလိုမိုက်များ ထွက်ရှိမှုအခြေအနေများကို လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက ၂၃၀ ကေဗွီအေ မြင်းခြံဓာတ်အားခွဲစက်ရုံနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောက မြန်မာစီးပွားရေးကော်ပိုရေးရှင်း သံမဏိစက်ရုံများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် ပြည်တွင်းတွင် အသုံးအများဆုံးဖြစ်သည့် Deformed Bar(သံချောင်းလုံး)များကို အဓိကလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းသံမဏိ လိုအပ်ချက်များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေး စီမံကိန်းများကို သတ်မှတ်ချိန်အတွင်း ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍လည်း စနစ်တကျဖြင့် စိစစ်သုံးစွဲရန်လိုကြောင်း၊ စက်ရုံများတွင် အသုံးပြုသည့် ပစ္စည်းများ ရာသီဥတုကြောင့် ပျက်စီးမှုမဖြစ်စေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း၊ သံမဏိစက်ရုံ(မြင်းခြံ)အနေဖြင့် တည်ဆောက်နေဆဲကာလအတွင်း စက်ပစ္စည်းများ ၉၉ ဒသမ ၃၄ ရာခိုင်နှုန်းနှင့် ၉၅ ဒသမ ၀၂ ရာခိုင်နှုန်း ရောက်ရှိပြီးဖြစ်သော်လည်း ဆက်လက်တည်ဆောက်မှုမပြုလုပ်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ်၌ လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့မှုကြောင့် မိမိတို့နိုင်ငံအတွက် ဘဏ္ဍာငွေများစွာ ထိခိုက်ဆုံးရှုံးခဲ့ရကြောင်း၊ ယနေ့ ဈေးငွေများအတွက် အရင်း၊ အတိုးပေးဆပ်နေရကြောင်း၊ ရောက်ရှိပြီးဖြစ်သည့် စက်ရုံပစ္စည်း၊ စက်ပစ္စည်းများမှာ ပြင်ပတွင် ထားသိုရသဖြင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ခဲ့ရာ ဝန်ကြီးဌာနအနေဖြင့် အကောင်းဆုံး ပြန်လည်ထိန်းသိမ်းသွားရန်နှင့် မူလလည်ပတ်ပြီး ပြန်လည်ရပ်ဆိုင်းခဲ့ရသည့် သံမဏိစက်ရုံ အမှတ်(၁)အား အမြန်ပြန်လည်ပတ်နိုင်ရန်လိုကြောင်း၊ သံမဏိထုတ်လုပ်မှုလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ စက်ရုံစီမံကိန်းများအား စနစ်တကျဖြင့် အပိုင်းလိုက်တည်ဆောက်၍ မှန်မှန်ကန်ကန်ဖြင့် မြန်မြန်ဆန်ဆန် ပြီးစီးစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတော်တွင် အိမ်ဆောက်လုပ်ရေး သံမဏိပစ္စည်းများမှာ များစွာလိုအပ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့်သာမဟုတ်ဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဆောင်ရွက်လိုပါကလည်း စည်းကမ်းများနှင့်အညီ ခွင့်ပြု၍ ပြည်တွင်း သံမဏိထုတ်လုပ်မှုလုပ်ငန်းကို အားပေးမြှင့်တင်ပေးရန်လိုကြောင်း၊ မြင်းခြံသံမဏိစက်ရုံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးနှင့် ကုန်ကြမ်း၊ ကုန်ချောများ သယ်ယူပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**❍ မိမိတို့နိုင်ငံတွင် ပြည်တွင်းသံမဏိ လိုအပ်ချက်များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေးစီမံကိန်းများကို သတ်မှတ်ချိန်အတွင်း ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လို၊**

**❍ သံမဏိစက်ရုံ(မြင်းခြံ)အနေဖြင့် တည်ဆောက်နေဆဲကာလအတွင်း စက်ပစ္စည်းများ ၉၉ ဒသမ ၃၄ ရာခိုင်နှုန်းနှင့် ၉၅ ဒသမ ၀၂ ရာခိုင်နှုန်း ရောက်ရှိပြီးဖြစ်သော်လည်း ဆက်လက်တည်ဆောက်မှု မပြုလုပ်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ်၌ လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့မှုကြောင့် မိမိတို့နိုင်ငံအတွက် ဘဏ္ဍာငွေများစွာ ထိခိုက်ဆုံးရှုံးခဲ့ရ**

## ဦးစားပေးဆောင်ရွက်

ရထားလမ်းများအား ကွန်ကရစ်ဇလီဖားတုံး လဲလှယ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် စနစ်တကျဖြင့် တည်ဆောက်ရန်လိုကြောင်း၊ ခရီးသွားများ အဆင်ပြေချောမွေ့စေရေးအတွက် လူစီးရထားများ ပြေးဆွဲသည့် လမ်းများကို ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ရထားတွဲများ ပိုမိုချိတ်ဆက်ပြေးဆွဲနိုင်ရေး ခေါင်းတွဲများ စွမ်းရည်မြှင့်တင်နိုင်ရန် လိုကြောင်း၊ ရထားတွဲအရေအတွက် တိုးမြှင့်ချိတ်ဆွဲပြီး ခေါက်ရေလျှော့ချပြေးဆွဲနိုင်မည်ဆိုပါက ကုန်ကျစရိတ်သက်သာစေမည်ဖြစ်ကြောင်း၊ ရထားလမ်းများ ပြင်ဆင်ဖောက်လုပ်ရာတွင်လည်း စနစ်တကျဖြင့် တွက်ချက်စဉ်းစား ဆောင်ရွက်ပြီး မလိုလားအပ်သည့်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက ရှင်းလင်းတင်ပြစဉ်။

# ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများ ဦးစားပေးဆောင်ရွက် နိုင်ငံတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရန်လိုအပ်သကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် မလိုအပ်သည့်လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို လျှော့ချ

နေပြည်တော် ဇန်နဝါရီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက ဓာတ်အားပေးစက်ရုံဆိုင်ရာ အကျဉ်းချုပ် အချက်အလက်များ၊ နှစ်အလိုက် ရဲရွာတမံ ရေသိုလှောင်မှုအခြေအနေ၊ နှစ်အလိုက် ဓာတ်အားထုတ်လုပ်နိုင်မှုအခြေအနေ၊ ရဲရွာရေလှောင်တမံ နှစ်အလိုက် ရေဝင်ရောက်မှုအခြေအနေ၊ ရေလှောင်တမံရေအမြင့်အလိုက် စက်တစ်လုံး ထုတ်လုပ်နိုင်မှုစွမ်းအား၊ ဝန်ထမ်းအင်အားနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေ၊ ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း စက်အမှတ်(၄) အကြီးစားပြုပြင်ခြင်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ မြစ်ငယ်မြစ်ပေါ်ရှိ ရေအားလျှပ်စစ် အရင်းအမြစ်များ၏ လျှပ်စစ်စီမံကိန်းများ၏ အခြေအနေ၊ နမ္မတူ (သီပေါ)ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ အထက်ရဲရွာစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ အလယ်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ဒီးဒုတ် ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ၂၀၂၂ ခုနှစ်အတွင်း ရေအားနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နေမှု အခြေအနေနှင့် နှစ်အလိုက် ဓာတ်အားတိုးတက်သုံးစွဲမှု အခြေအနေ၊ ဓာတ်အားလိုအပ်ချက်၊ ထုတ်လုပ်နိုင်မှုနှင့် ဝန်အားလျှော့ချရမည့် အခြေအနေ၊ ဓာတ်အားလိုင်းများ ဖျက်ဆီးခံရမှုနှင့် ပြန်လည်ပြုပြင်နေမှု အခြေအနေ၊ သဘာဝဓာတ်ငွေ့ဖြင့် လက်ရှိဓာတ်အားထုတ်လုပ်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေအားလျှပ်စစ်စီမံကိန်းသည် ရေရှည်ဆောင်ရွက်ရသည့် စီမံကိန်းများဖြစ်ကြောင်း၊ အထက်ရဲရွာနှင့် အလယ်ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဒီးဒုတ် ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ LNG ဓာတ်ငွေ့များ အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ကုန်ကျစရိတ်ကြီးမြင့်ကြောင်း၊ ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဦးစားပေးဆောင်ရွက်ရန် လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများ ဆောင်ရွက်ရာတွင်လည်း ပြည်ပကုမ္ပဏီများကိုသာမက ပြည်တွင်းကုမ္ပဏီများမှလည်း ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ် ဆောင်ရွက်ရန်လိုကြောင်း။

စာမျက်နှာ ၇ သို့ »»

○ စာမျက်နှာ ၅ မှ

ငွေကြေးကုန်ကျမှုများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ ဖို့မြေများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့စေရေးအတွက် အောက်ခြေခိုင်မာအောင် စနစ်တကျဖြင့် ဆောက်လုပ်ရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် သံမဏိထုတ်လုပ်ရန်အတွက် အခြေခံသံရိုင်း၊ ကျောက်မီးသွေးနှင့် ထုံးကျောက်များ ရှိပြီးဖြစ်ကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်ပါက ပြည်ပမှ တင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဒေသစက်မှုလုပ်ငန်းများ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် သံနှင့် သံမဏိပစ္စည်း ဒေါ်လာ ၉၉၅ သန်းခန့် တင်သွင်းခဲ့ရသဖြင့် ပြည်တွင်းသံမဏိထုတ်လုပ်ခြင်းလုပ်ငန်းကို မြှင့်တင်၍ ပြည်ပမှတင်သွင်းမှုများကို လျှော့ချသွားရန်လိုကြောင်း။

ဆောက်လုပ်ရေးအတွက် သံမဏိများ လိုအပ်သကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကုန်ကြမ်းထွက်ရှိသည့် ဒေသများတွင် ဘိလပ်မြေစက်ရုံများလည်း ထပ်မံတိုးချဲ့တည်ဆောက်ရန် လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံအတွက် မဟာဗျူဟာဖြင့် စဉ်းစားဆောင်ရွက်ကြရန် လိုကြောင်း မှာကြားပြီး မြန်မာနိုင်ငံအတွက် သံနှင့် သံမဏိလုပ်ငန်း ပြန်လည်နိုးကြားတစ်ခေတ်ဆန်းလာစေရေးနှင့် မြန်မာ့စက်မှုလုပ်ငန်း ယခုထက် ပိုမိုတိုးတက်လာစေရေး မြင်းခြံသံမဏိစက်ရုံမှ အဓိကအင်အားစုအဖြစ် အားဖြည့်နိုင်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် သံမဏိစက်ရုံအတွင်း သံရည်ကျိုအလုပ်ရုံ၊ Melt Shop 2 တို့အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လက်ထောက်စက်ရုံမှူး ဦးစိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

»»» **စာမျက်နှာ ၆ မှ**

"လျှပ်စစ်ဖြင့် လောကနိဗ္ဗာန် တည်ဆောက်ရန်" ဟု ယခင်က သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းသည် စီးပွားရေးအရ တွက်ခြေကိုက်ကြောင်း၊ လမ်းစဉ်ပါတီအစိုးရနှင့် တပ်မတော်အစိုးရလက်ထက်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီအစိုးရလက်ထက်တွင်လည်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း သဘာဝပတ်ဝန်းကျင်ကို အကြောင်းပြ၍ နိုင်ငံရေးအရ အသုံးချပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စီမံကိန်းများကို အခက်အခဲဖြစ်အောင် ဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများ ဆောင်ရွက်ရာတွင် ငွေကြေးကုန်ကျမှုများစွာဖြင့် အချိန်ကြာမြင့်စွာ တည်ဆောက်ရကြောင်း။

ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ကြီးမားပြီး ကုန်ကျစရိတ်တန်ဖိုးအား တိကျစွာတွက်ချက်နိုင်သော်လည်း ပြန်လည်ရရှိသော အကျိုးအမြတ်မှာ တန်ဖိုးဖြတ်၍မရအောင် အတိုင်းအတာကြီးမားကြောင်း၊ ယခု ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စတင်လည်ပတ်ချိန်မှစ၍ ထွက်ရှိသောလျှပ်စစ်ယူနစ်များ၏ တန်ဖိုးကိုတွက်ချက်ပါက စက်ရုံတည်ဆောက်မှုကုန်ကျစရိတ်အား ပြန်လည်ရရှိပြီးဖြစ်သည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝများအတွက် များစွာအထောက်အကူပြုပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသဖြင့် တန်ဖိုးဖြတ်၍မရနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရန် အရင်းအမြစ်များစွာရှိကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စီမံကိန်းများ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိမှုကြောင့် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုများစွာရှိကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စီမံကိန်းများကိုလည်း လုပ်ငန်းများပြီးမြောက်အောင်မြင်စေရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရန်လိုအပ်သကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင်လည်း မလိုအပ်သည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို လျှော့ချရန်လိုကြောင်း၊ စွမ်းအင်သုံးစွဲမှု လျှော့ချနိုင်ရန်အတွက် LED ကဲ့သို့သော မီးများ ပြောင်းလဲအသုံးပြုရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများထုတ်လုပ်မှုပိုင်းတွင် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်လိုသကဲ့သို့ သုံးစွဲမှုအပိုင်းကိုလည်း တတ်နိုင်သမျှလျှော့ချရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး လျှပ်စစ်ဓာတ်အားများထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ စက်ရုံမှူး ဦးခင်မောင်တင့်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဲရွာရေလှောင်တမံပေါ်သို့သွားရောက်၍ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- ❖ **ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စတင်လည်ပတ်ချိန်မှစ၍ ထွက်ရှိသော လျှပ်စစ်ယူနစ်များ၏ တန်ဖိုးကိုတွက်ချက်ပါက စက်ရုံတည်ဆောက်မှုကုန်ကျစရိတ်အား ပြန်လည်ရရှိပြီးဖြစ်သည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝများအတွက် များစွာအထောက်အကူပြုပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသဖြင့် တန်ဖိုးဖြတ်၍မရနိုင်**
- ❖ **လက်ရှိဆောင်ရွက်နေသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စီမံကိန်းများကိုလည်း လုပ်ငန်းများပြီးမြောက်အောင်မြင်စေရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ စက်ရုံမှူး ဦးခင်မောင်တင့် လက်ခံရယူစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရဲရွာရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုစိတ်ဓာတ်

---------- မောင်ငြိမ်းအေး ----------

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းက မိသားစုမျိုးနွယ်စုတူများ စုဖွဲ့နေထိုင်ခဲ့ကြသည်။ ဆွေမျိုးစု၊ မျိုးတူစု၊ သွေးတူစု၊ အသိုင်းအဝိုင်းမျိုးစုံတို့ စုပေါင်းနေထိုင်လာခဲ့ကြရာမှ တဖြည်းဖြည်းနှင့် ပြည်ထောင်စုတစ်ခုဖြစ်လာခဲ့သည်။ ပြည်ထောင်စုဟူသည် ပြည်ထောင်များကို ပေါင်းစုထားခြင်းဖြစ်သည်။ လူမျိုးအသီးသီးတို့ စုစည်းနေထိုင်ရာဒေသများကို ပေါင်းစည်းထားခြင်းဖြစ်သည်။ ပေါင်းစည်းထားခြင်းသည် ဘုံအကျိုးစီးပွားကို ဝိုင်းဝန်းတည်ဆောက်ကြရန်နှင့် ဘုံရန်သူကို စုပေါင်းကာကွယ်ကြရန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာ မှီတင်းနေထိုင်လာခဲ့ကြသော တိုင်းရင်းသားမျိုးနွယ်စုများသည် တစ်ခါတစ်ရံတွင် သဘောကွဲလွဲမှုများရှိတတ်သည်။ ရံဖန်ရံခါတွင် မပြေလည်မှု၊ ပြဿနာများလည်းရှိတတ်သည်။ အခန့်မသင့်လျှင် ပဋိပက္ခများလည်းဖြစ်ပေါ်တတ်သည်။ သို့ရာတွင် တစ်အူထုံ့ဆင်း တစ်မြေတည်းနေ တိုင်းရင်းသားမျိုးနွယ်စုများ အချင်းချင်းဖြစ်သောကြောင့် နားလည်ခွင့်လွှတ်ကြသည်။ တခဏနှင့် ပြန်လည်ပြေလည်သွားကြသည်။ အကျိုးတူပူးပေါင်းလက်တွဲ ဆောင်ရွက်ခဲ့ကြသည်။ ဘုံရန်သူဖြစ်သည့် ပြည်ပကျူးကျော်သူရန်သူများကို လက်တွဲတွန်းလှန်ခဲ့ကြသည်။

## စွဲစွဲမြဲမြဲကျင့်သုံးခဲ့

တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသူများဖြစ်ကြ၍ တစ်ဦးအကျိုးစီးပွားဆုတ်ယုတ်ပျက်စီးခြင်းကို တစ်ဦးကမပြုသင့်၊ တစ်ဦး၏အကျိုးစီးပွား တိုးတက်ကြီးပွားခြင်းကိုသာ တစ်ဦးက ပြုဆောင်သင့်သည်ဟူသော အတွေးအမြင်ခံယူချက်ကို စွဲစွဲမြဲမြဲကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ကြသည်။ ဤအသိစိတ်ဓာတ်၊ ဤအတွေးအမြင်ဖြင့် ပထမမြန်မာနိုင်ငံတော်ကြီးကို ခိုင်ခိုင်ခံ့ခံ့ ထည်ထည်ဝါဝါတည်ဆောက်နိုင်ခဲ့သည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ၏ အတွင်းအဇ္ဈတ္တသန္တာန်၌ ပုဂံခေတ်ကပင် ပြည်ထောင်စုစိတ်ဓာတ်ခိုင်ခိုင်မာမာတည်ရှိနေပြီ။ ထိုပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်ဟု သမိုင်းမော်ကွန်းတင်ရမည်ဖြစ်သည်။ ပုဂံခေတ်ကတည်းက အခိုင်အမာတည်ရှိပြီးဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင် မြန်မာနိုင်ငံကို မတရားကျူးကျော်စစ်ပွဲ သုံးကြိမ်ဆင်နွှဲပြီး နယ်ချဲ့ဗြိတိသျှတို့က ၁၈၈၆ ခုနှစ်တွင် သိမ်းပိုက်သည့်အခါ၌ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ရောက်ရာဒေသအသီးသီးမှ ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့တို့ကို ၂၀ ရာစုဆန်းအထိ ရဲဝံ့စွာတွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဤသမိုင်းဖြစ်ရပ်များကို တိုင်းရင်းသားတို့၏နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းအဖြစ် ကမ္ဗည်းမော်ကွန်းတင်ထားသည်။



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည့် ပင်လုံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်။

## ခွဲခြားအုပ်ချုပ်ခဲ့

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို နှစ်ပေါင်းတစ်ရာကျော် အုပ်ချုပ်ခဲ့သည်။ နယ်ချဲ့ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်ခဲ့စဉ်က မြန်မာဒေသ၊ မွန်ဒေသ၊ ရခိုင်ဒေသတို့ကိုပေါင်းလျက် ပြည်မဟူ၍ ခွဲခြားအုပ်ချုပ်ခဲ့သည်။ ရှမ်း၊ ကချင်၊ ကရင်၊ ကယား (ကရင်နီ)နှင့် ချင်းဒေသတို့ကို တောင်တန်းအထူးဒေသဟူ၍ပြည်မနှင့်တောင်တန်း ခွဲခြားအုပ်ချုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသောအခါ မြန်မာတို့၏အမျိုးသားနိုင်ငံရေးနိုးကြားမှု၊ ကမ္ဘာ့နိုင်ငံများ၏နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ အရှိန်အဟုန်ပြင်းထန်လာသောကြောင့် မြန်မာနိုင်ငံကို မဖြစ်မနေလုံးဝလွတ်လပ်ရေးပေးရတော့မည့်အခြေအနေသို့ ရောက်လာခဲ့သည်။

## ပြဿနာတစ်ရပ်ဖြစ်

နယ်ချဲ့ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်အခါ ရှမ်းပြည်နယ်နှင့် တောင်တန်းဒေသများကို ချန်လှပ်ထားလိုသည့် သဘောရှိခဲ့သည်။ ထိုသဘောထားကို နယ်ချဲ့အစိုးရက ၁၉၄၅ ခုနှစ် မတ် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည့် စက္ကူဖြူစာတမ်း၌ တွေ့ရသည်။ ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများက ဆန္ဒမရှိသရွေ့ ထိုဒေသများကို ဘုရင်ခံက သီးခြားအုပ်ချုပ်သွားမည်ဟု စက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။ ဤအချက်သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရသည့်တိုင် တောင်တန်းဒေသများကို ချန်ထားမည့် ဗြိတိသျှတို့သဘောထားမှာ ထင်ရှားပေါ်လွင်နေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ၊ လွတ်လပ်ရေးရရှိပြီးကာလများ၌ ပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် အမိနိုင်ငံ ရေမြေပေါ်တွင် နှစ်ပေါင်းထောင်ချီ အတူတကွကြီးပြင်းနေထိုင်ခဲ့ကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေးတို့တွင် အကျိုးကျေးဇူးဖြစ်ထွန်းအောင် စိတ်တူကိုယ်တူ အတူတကွစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် တရားတော်အရ အဆွေခင်ပွန်းများဖြစ်ကြသည်။ ထို့ကြောင့်လည်း ဤပြည်ထောင်စုကြီးတွင် နှစ်ပေါင်းထောင်ချီ အတူလက်တွဲနေထိုင်ခဲ့ကြသည်။ သို့သော် မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့ ၁၈၂၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း သုံးကြိမ်၊ သုံးပိုင်း သိမ်းပိုက်အုပ်ချုပ်ခဲ့ရာ၌ တစ်စုတစ်စည်းတည်း စုစည်းနေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးအသီးသီးကြားတွင် သွေးခွဲအုပ်ချုပ်သည့်နည်းဖြင့် အုပ်ချုပ်နေထိုင်စေခဲ့သည်။

## သတိပေးနှိုးဆော်ချက်

ဤသည်ကို နယ်ချဲ့လက်အောက်ခံဘဝသို့ ကျရောက်နေသည့် ၁၉၀၅ ခုနှစ်တွင် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်တွင် ထည့်သွင်းရေးဖွဲ့၍ တိုင်းရင်းသားလူမျိုးအသီးသီးတို့ကို သတိပေးခဲ့သည်။

မေတ္တာဝေမျှ၊ ဤလောက၌
သတ္တဖဝါး၊ အတူသွားက
မည်ငြားစင်စစ်၊ ခင်ပွန်းဖြစ်၏။
ဆယ့်နှစ်လှမ်းသော်၊ အဖော်သဟဲ
လခွဲဥတိ၊ မည်ဘိမပျက်။
ထို့ထက်လွန်စွာ၊ ရက်ကြာကာလ
ပေါင်းဖက်ကြမူ၊ အတ္တသမာ
မှန်စွာထိုလူ၊ ကိုယ်နှင့်တူ၏။
အယူထွေပြား၊ ထိုသူများအား
ပြစ်မှား စိတ်မှာ၊ မရှိရာဘူး။

ဟူသော ဆရာတော်ဘုရားကြီး၏ သတိပေးနှိုးဆော်ချက်သည် အလွန်တရာထိရောက်တာသွားလှသည်။ နယ်ချဲ့ဗြိတိသျှတို့၏ ကိုလိုနီကျွန်သက်ရှည်ရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေရေးစီမံကိန်းကို စာပေပညာဖြင့် အသိပေးဟန့်တားခဲ့သည်။ မိစ္ဆာဒိဋ္ဌိတို့၏အယူ၊ မိစ္ဆာဒိဋ္ဌိတို့၏လမ်းစဉ်သည် မြန်မာတို့၏ ယုံကြည်ကိုးကွယ်မှုနှင့် ဖီလာဆန့်ကျင်နေကြောင်း၊ တရားဓမ္မလမ်းကြောင်းမှ သွေဖည်နေ၍ လားရာဂတိမကောင်းကြောင်းတို့ကို ဆရာတော်ဘုရားကြီးက ထုတ်ဖော်ညွှန်ပြခဲ့သည်။

## ဟန့်တားရေးဖွဲ့လှုံ့ဆော်

အလားတူ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နီတိမဉ္ဇူရီ၊ နီတိမာလာ စသောနီတိကျမ်းများတွင် မြန်မာ့အတွေးအမြင်၊ ဆင်ခြင်တုံတရားများ၊ လောကလူ့ဘောင်အဖွဲ့အစည်း၌ လူတို့လိုက်နာကျင့်သုံးရမည့်အချက်များ၊ သတိပြုရှောင်ကြဉ်ရမည့်အချက်များကို အသိပေးထားသည်။ အမျိုးအနွယ်ကို စောင့်ထိန်းရမည့်အချက်ကိုလည်း အကျိုးသင့်အကြောင်းသင့် တင်ပြထားသည်။ ဝံသာနုရက္ခိတတရားကို ဇာတ်ဝတ္ထုအထောက်အထား၊ ရာဇဝင်ကျမ်းဂန်အထောက်အထား၊ ပျို့ကဗျာလင်္ကာ စာပေအထောက်အထားသာမက လောကသဘာဝလူ့သဘာဝမျက်မြင်ကိုယ်တွေ့အထောက်အထားများဖြင့် ရေးသားအသိပေးထားသည်။

စာရေးဆရာကြီး ဦးလတ်၏ "ရွှေပြည်စိုး" ဝတ္ထုတွင် တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီးသော ဝတ်လုံတော်ရ မောင်သောင်းဖေ၊ ကိုယ်ကျင့်တရားစံ ချွတ်ယွင်းကာ ကိုယ့်နိုင်ငံသားအမျိုးသမီးကို စောင့်ရှောက်ရမည့်အစား စော်ကားမော်ကားပြုလိုသော အမိန့်တော်ရမောင်ကိတ္တိတို့ကို ကဲ့ရဲ့စရာ၊ ရှုတ်ချစရာကောင်းအောင်သရုပ်ဖော်ရေးဖွဲ့ပြီး တိုင်းတစ်ပါးယဉ်ကျေးမှုထိုးဖောက်စိမ့်ဝင်လာမှုကို အမျိုးသားရေးသတိဖြင့် ဟန့်တားကြရန် ရေးဖွဲ့လှုံ့ဆော်ခဲ့သည်။

ထို့အပြင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ်ဦးဘချို၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ ပီမိုးနင်း၊ ဦးပုဂ္ဂိုလ် စသော စာပေပညာရှင်များကလည်း နယ်ချဲ့ဗြိတိသျှလက်အောက်ရှိ တိုင်းရင်းသားပြည်သူများအသီးသီးတို့၏ ငုပ်လျှိုးနေသော ဇာတိမာန်စိတ်ဓာတ် တက်ကြွလာအောင်၊ အသိအမြင်ကျယ်ပြန့်လာအောင်၊ အတွေးအခေါ် မြင့်မားလာအောင် သုတစာပေ၊ ရသစာပေများကို ရေးဖွဲ့ခဲ့ကြသည်။ ဤသို့ရေးဖွဲ့ရာတွင် အမိမြန်မာနိုင်ငံတော်ကြီးကို တစ်စုတစ်စည်းတည်း စတင်တည်ထောင်ခဲ့သော ပုဂံခေတ်မှစတင်၍ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ရင်တွင်းနှလုံးသားအတွင်း၌ တည်ရှိခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ပြန်လည်ရှင်သန်နိုးကြားလာအောင် ထိရောက်စွာ ရေးဖွဲ့နိုင်ခဲ့သည်။

## သမိုင်းမှတ်တိုင် ပင်လုံစာချုပ်

မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရမည့် အခြေအနေသို့ရောက်သောအခါ နယ်ချဲ့တို့သည် တောင်တန်းဒေသကို လွတ်လပ်ရေးမပေးဘဲ ချန်ထားနိုင်ရန် ကြိုးပမ်းအားထုတ်လာခဲ့သည်။

စာမျက်နှာ ၉ သို့ ✧

**ပြည်ထောင်စုစိတ်ဓာတ်သည် လွတ်လပ်ရေးအတွက် အရေးကြီးသကဲ့သို့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သောကာလ၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သောကာလများတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ အရေးကြီးသော ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ခိုင်မာစေအောင် စာပေ၊ သဘင်၊ ရုပ်ရှင်၊ ဂီတတို့ဖြင့် အစဉ်နှိုးဆော်နိုးကြားနေစေရသည်။ ယင်းသို့ဆောင်ရွက်နေသည်မှာ သရုပ်ဖော်အမွှမ်းတင်နေခြင်းမဟုတ်ပေ။ လူမျိုးပေါင်းစုံနေထိုင်သည့် ပြည်ထောင်စု၏အနှစ်သာရကို ထုတ်ဖော်နေခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးများကို အလေးအနက်ထားသည့် သဘောဖြစ်**

## ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါ ဝေဒနာရှင်များ၏ အဓိက အသက်ကယ်ဆေးဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးမည့် Liquid Oxygen သယ်ဆောင်လာသော မော်တော်ယာဉ်အား မြဝတီမြို့နယ်တွင် အကြမ်းဖက်သောင်းကျန်းသူများက အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

ထို့ပြင် လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် PDF အမည်ခံ အကြမ်းဖက်သမားများက မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝင်းအတွင်း လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲမှုဖြစ်စဉ် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် အင်္ဂါနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)နှင့် SEZ မြေနေရာအားသွားရောက်ကြည့်ရှု

ကျောက်ဖြူ ဇန်နဝါရီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ (အကြံပေး)အဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်တို့နှင့်အတူ ယနေ့ညနေပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)ရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

### လှည့်လည်ကြည့်ရှု

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က အဖွင့်အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ) ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်မွန်က ကျောင်းဆိုင်ရာ အချက်အလက်များနှင့် AGTI Diploma သင်တန်း ငါးခုကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ကာလတိုသင်တန်းများဖြစ်သည့် အခြေခံအုတ်စီ၊ ကွန်ပျူတာ၊ အိမ်တွင်းလျှပ်စစ်၊ သဘာဝဆပ်ပြာ၊ ဖယောင်းတိုင်ထုတ်လုပ်မှု စသည့် သင်တန်းများကို ၂၀၁၉ ခုနှစ်မှ ယနေ့အထိ သင်ကြားပေးလျက်ရှိကြောင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးတို့က အားနည်းချက်၊ အားသာချက်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ ကျောင်းဝင်းအတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့သည် သိုင်းချောင်းကျေးရွာလမ်းဆုံရှိ ယာယီရှင်းလင်းဆောင်၌ ဧက ၂၅၀ မြေနေရာတွင် SEZ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်း အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့အား ဧက ၂၅၀ မြေနေရာတွင် SEZ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

သတင်းစဉ်

✧ စာမျက်နှာ ၈ မှ

ထိုအရေးကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ပင်လုံတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ မြန်မာပြည်နှင့်ပေါင်း၍ လွတ်လပ်ရေးယူမှသာ ရှမ်း၊ ချင်း၊ ကချင် အစရှိသော တိုင်းရင်းသားတို့သည် လွတ်လပ်ရေးကို အလျင်အမြန်ရမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ပူးပေါင်းကြရန်သဘောတူခဲ့သည်။ ဤသို့ဖြင့် လွတ်လပ်ရေး၏သန္ဓေ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ပင်လုံစာချုပ်သည် တိုင်းရင်းသားလူမျိုးအသီးသီး၏ စည်းလုံးညီညွတ်မှုကို အထင်အရှားပြသသည့် မှတ်တိုင်တစ်ခုဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ကလေးတွင် သမိုင်းဝင်ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်ကြောင့် နယ်ချဲ့ဗြိတိသျှတို့သည် တိုင်းရင်းသားလူမျိုးအားလုံး၏ သွေးစည်းညီညွတ်မှုအင်အားကို အလေးဂရုပြုလာရသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို လေးစားလာရသည်။ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် ရှောင်လွှဲမရတော့ပေ။ တောင်တန်းပြည်မ ခွဲခြားထားရန် အကြံအစည်မမြောက်တော့ပေ။ ပြည်ထောင်စုကြီးတစ်ခုလုံး လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းအားထုတ်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရေးကြီးကြောင်း ပင်လုံမြေတွင် သက်သေပြနိုင်ခဲ့သည်။ တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်စည်းတစ်လုံးတည်း သွေးစည်းခဲ့ကြသည်။

### တိုင်းရင်းသားအလေးထား

ပြည်ထောင်စုစိတ်ဓာတ်သည် လွတ်လပ်ရေးအတွက် အရေးကြီးသကဲ့သို့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သော ကာလ၊ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သောကာလများတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ အရေးကြီးသော ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ခိုင်မာစေအောင် စာပေ၊ သဘင်၊ ရုပ်ရှင်၊ ဂီတတို့ဖြင့် အစဉ်နှိုးဆော်နိုးကြားနေစေရသည်။ ယင်းသို့ဆောင်ရွက်နေသည်မှာ သရုပ်ဖော်အမွှမ်းတင်နေခြင်းမဟုတ်ပေ။ လူမျိုးပေါင်းစုံနေထိုင်သည့် ပြည်ထောင်စု၏ အနှစ်သာရကို ထုတ်ဖော်နေခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးများကို အလေးအနက်ထားသည့်သဘောဖြစ်သည်။

မျက်မှောက်ကာလသည် နိုင်ငံတစ်နိုင်ငံအား စစ်ရေးဖြင့် ကျူးကျော်သောကာလမဟုတ်ပေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လူ့အခွင့်အရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု စသည်တို့ကို အသုံးချ၍ နည်းပရိယာယ်အမျိုးမျိုးဖြင့် ထိုးဖောက်စွက်ဖက်ကျူးကျော်နေသောကာလဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားအချင်းချင်း သွေးခွဲခြင်းဖြစ်သည့် သွေးထိုးလှုံ့ဆော် ထောက်ပံ့အားပေးနေမှုများကို သတိပြုရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် ခေါင်းပါးလျှင် တိုင်းပြည်အန္တရာယ်ရှိသည်ကို သတိချပ်ရမည်ဖြစ်သည်။ ထို့ကြောင့် စာပေ၊ သဘင်၊ ရုပ်ရှင်၊ ဂီတတို့ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်နှိုးဆော်နေရမည်ဖြစ်သည်။ အစဉ်နိုးကြားနေစေရမည်ဖြစ်သည်။ သို့မှသာ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ခိုင်မာပြီး ပြည်ထောင်စုကြီး အစဉ်ထာဝရတည်တံ့ခိုင်မြဲနေမည်ဖြစ်ပါကြောင်း။ ။

**ကိုးကားချက် – ပညာရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ၂၀ ရာစု မြန်မာနိုင်ငံ။**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှု သတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

# စစ်တွေခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

## ရခိုင်ပြည်နယ်၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် သီးထပ်စွမ်းအားတိုးမြှင့်ဆောင်ရွက်ရန်လို

**နေပြည်တော် ဇန်နဝါရီ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ဇန်နဝါရီ ၂၃ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးကျော်သူရ၊ ဦးစံရွှေမောင်တို့နှင့်အတူ ပုဏ္ဏားကျွန်းမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်အခြေခံစီးပွားရေးအထူးဇုန်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကြသည်။





**ဆွေးနွေးမှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် ပဒေသာကျေးရွာအနီးရှိ ပဒေသာရေတံခါးကို ကြည့်ရှုစစ်ဆေးပြီး ရေနည်းလိုသီးထပ်သီးနှံစိုက်ပျိုးနိုင်ရေးနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးတွဲဖက်လုပ်ကိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ကွမ်းတောင်ကျေးရွာရှိ Advanced Seafood Industries ကုမ္ပဏီများ၏ ကဏန်းပျော့ မွေးမြူထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး မိမိတို့၏ထုတ်ကုန်များကို အစားအစာဘေးကင်းလုံခြုံရေးနှင့် သက်ဆိုင်ရာဈေးကွက်၏ စံသတ်မှတ်ချက်များ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေး အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနမှ တည်ဆဲဥပဒေများနှင့်အညီ ကူညီပံ့ပိုးပေးနေမှုများကို ဆွေးနွေးပြောကြားသည်။

အလားတူ ကျောက်တန်းကြီး ဥစားကြက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေး အားပေးကြပြီး လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးဖြည့်ဆည်းပေးခဲ့ကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် စစ်တွေမျိုးသန့်ခြံသို့ ရောက်ရှိကြပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စပါးအပြီး သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် သင့်တော်သည့်သီးထပ်သီးနှံပုံစံကို ရှာဖွေဖော်ထုတ်ရန်နှင့် သီးထပ်သီးနှံမျိုးများ၏ သင့်တော်သော စိုက်ပျိုးချိန် ရှာဖွေဖော်ထုတ်ရန် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စမ်းသပ်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ပြည်နယ်နှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများကို ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ခေတ်မီနည်းပညာများ အသုံးပြုလုပ်ကိုင်နိုင်ရေး၊ စိုက်ပျိုးရေ၊ သောက်သုံးရေဖူလုံရေး၊ စက်မှုလယ်ယာစနစ် ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေ တစ်သန်းကျော်ရှိသည့် ရခိုင်ပြည်နယ်၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် သီးထပ်စွမ်းအားတိုးမြှင့် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးနိုင်သည့် မြေဧရိယာများစွာ ကျန်ရှိနေသေးရာ နှစ်ရှည်ဝင်ငွေရမည့် ဥယျာဉ်ခြံလုပ်ငန်းများထူထောင်လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အလားတူ ငါး၊ ပုစွန်များကို သဘာဝပင်လယ်ပြင်မှ ဖမ်းဆီးထုတ်လုပ်ခြင်းထက် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ တိုးပွားလာရေးအတွက် တစ်ပိုင်တစ်နိုင် လုပ်ကိုင်လိုသူများနှင့် စီးပွားဖြစ်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လိုသူများ၏ လိုအပ်ချက်များကို လက်တွေ့ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မြစိမ်းရောင်မွေးမြူရေးစီမံကိန်း၏ အားသာချက်၊ အားနည်းချက်များကိုသုံးသပ်ပြီး ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများတွင် ပိုမိုထိရောက်အောင်မြင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်နိုင်ရေးနှင့် ရှားပါးလာသော လယ်ယာလုပ်သား လိုအပ်ချက်များဖြေရှင်းနိုင်ရေးနှင့် စက်ကိရိယာကျွမ်းကျင်သော လူသားအရင်းအမြစ်များ တိုးပွားလာရေးအတွက် စက်မောင်းစက်ပြင်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးသွားရမည်ဖြစ်ကြောင်း၊ တည်ဆဲနိုင်ငံ့ဝန်ထမ်းဥပဒေများကို လေးစားလိုက်နာကြပြီး မိမိတာဝန်ယူစဉ်ကာလ၏ အောင်မြင်စွာစွမ်းဆောင်နိုင်မှုမှတ်တမ်းကို မိမိတို့ကိုယ်တိုင်ရေးထိုးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် မြန်မာ့သိုင်းပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။





**ကျင်းပခြင်းဖြစ်**

အခမ်းအနားတွင် ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်က တက်ရောက်အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်အတွင်းရှိဒေသများတွင် မြန်မာ့သိုင်းအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ နိုင်ငံ့ဂုဏ်ဆောင် လူငယ်မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်၊ လူငယ်လူရွယ်အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုရရှိစေရန်နှင့် ကျန်းမာကြံ့ခိုင်လာစေရန်၊ မြန်မာတိုင်းသိုင်းတတ်ရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာ့သိုင်းအားကစားနည်းကို စိတ်ပါဝင်စားလာပြီး လူငယ်တိုင်းပါဝင်လှုပ်ရှားလာစေရန် ရည်ရွယ်ချက်များဖြင့် သိုင်းပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်းနှင့် ယခုပြိုင်ပွဲမှ လက်ရွေးစင်အားကစားသမားများကို ရွေးချယ်ပြီး နေပြည်တော်၌ ဖေဖော်ဝါရီလတွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၈ မြို့နယ်မှ ပြိုင်ပွဲဝင် အားကစားသမားများက အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဓားသိုင်းအတိုက်(ဓားတစ်လက်၊ ဓားနှစ်လက်)ပြိုင်ပွဲ၊ တစ်ကိုယ်တော် ပညာစဉ်ပြပြိုင်ပွဲ၊ အသင်းလိုက်စွမ်းရည်ပြ အတွဲအတိုက်ပြိုင်ပွဲ၊ လက်နက်မဲ့၊ တုတ်ရှည်၊ ဓားရှည်၊ ဓားမြှောင်ဗန်တို၊ အချုပ်အဖြေကစားနည်းများကို ပြိုင်ပွဲနည်းစနစ်များအတိုင်း ဇန်နဝါရီ ၂၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း(တောင်ကြီး)မှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ဒိုင်လူကြီးများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အခန်းကဏ္ဍ

လင်းလက်

**အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်း၏ နယ်ပယ်အားလုံးတွင် ဆိုးရွားသောသက်ရောက်မှုများ ဖြစ်ပေါ်စေပြီး ဒီမိုကရေစီစနစ်နှင့် တရားဥပဒေစိုးမိုးရေးကို အနှောင့်အယှက် အဟန့်အတားဖြစ်စေခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အရည်အသွေးကျဆင်းစေခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်စေခြင်း၊ ဈေးကွက်စီးပွားရေးစနစ်များကို ပျက်ယွင်းစေခြင်းနှင့် အုပ်စုဖွဲ့ပြစ်မှုကျူးလွန်ခြင်းများ ဖြစ်ပေါ်စေခြင်း စသည့်ဆိုးကျိုးများကို ဖြစ်စေပါသည်။ အဂတိလိုက်စားမှုများကို အချိန်မီတားဆီးကာကွယ်ခြင်းဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာကာ အစိုးရနှင့် ပြည်သူအကြား ယုံကြည်မှု ပိုမိုခိုင်မြဲလာပြီး ဒီမိုကရေစီစနစ်ရှင်သန်မှုနှင့်အတူ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရတစ်ရပ်ကို ဖန်တီးပုံဖော်နိုင်မည် ဖြစ်ပါသည်။**

နည်းပညာတိုးတက်လာမှုနှင့်အတူ အဂတိလိုက်စားမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း၌သာဖြစ်ပွားသည့် ပြစ်မှုအသွင်မှသည် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများအသွင် ပြောင်းလဲလာပြီဖြစ်ပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာနိုင်ငံများအလိုက် ပြည်တွင်းဥပဒေ/နည်းဥပဒေများရေးဆွဲခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အစီအမံများချမှတ်ဆောင်ရွက်ခြင်း စသည့်နိုင်ငံတွင်းဆောင်ရွက်မှုများဖြင့် လုံလောက်မှုမရှိတော့သဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်လာကြပါသည်။

### မက္ကဆီကိုနိုင်ငံ မာရီဒါမြို့တွင် ကျင်းပ

ကမ္ဘာတစ်ဝန်း သိသာစွာဆိုးရွားလာသည့် အဂတိလိုက်စားမှုများ၊ ယင်းနှင့်ဆက်စပ်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ငွေကြေးခဝါချမှုများ စသည်တို့ကို တားဆီးကာကွယ်ရန်နှင့် အရေးယူဆောင်ရွက်နိုင်စေရန်ရည်ရွယ်လျက် ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ အရ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ မက္ကဆီကိုနိုင်ငံ မာရီဒါမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် အဆင့်မြင့် နိုင်ငံရေးဆိုင်ရာ လက်မှတ်ရေးထိုးရေး ညီလာခံတွင် သဘောတူလက်မှတ်ရေးထိုး၍ စတင်ပြဋ္ဌာန်းခဲ့ပါသည်။

ကွန်ဗင်းရှင်း အခန်း(၄)တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကွန်ဗင်းရှင်း အပိုဒ် ၄၄ မှ ၅၅ ထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး အဂတိလိုက်စားမှုများနှင့်စပ်လျဉ်း၍ တရားမကြောင်းဆိုင်ရာ ကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၌ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်ရာတွင် မိမိနိုင်ငံ၏ ပြည်တွင်းဥပဒေစနစ်နှင့် ညီညွတ်သည့် အပြင် သင့်လျော်သည့်ကိစ္စရပ်များ၌ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန်အကူအညီပေးရန် ညှိနှိုင်းဆောင်ရွက်ရမည်ဟု အဖွဲ့ဝင်နိုင်ငံများသို့ တိုက်တွန်းထားပါသည်။

မြန်မာနိုင်ငံ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်တွင် ပြည်သူ့ထောက်ပံ့ရေးပစ္စည်းများ ခိုးယူခြင်းမှ ကာကွယ်သည့် ကော်မတီ၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ကော်မတီနှင့် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ရဲအဖွဲ့တို့ကို ဖွဲ့စည်း၍ အင်္ဂလိပ်လက်ထက် ၁၈၆၀ ခုနှစ် ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်အရ အရေးယူခဲ့ကာ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်တွင် အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေကို ပြဋ္ဌာန်း၍ အရေးယူမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှု




တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ ၂၀-၁၂-၂၀၁၂ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါသည်။ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို ပိုမိုဆောင်ရွက်လာနိုင်ခဲ့ပြီး ၈-၁-၂၀၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၉/ ၂၀၁၃) ဖြင့် လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၇-၈-၂၀၁၃ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ကာ ၂၅-၂-၂၀၁၄ ရက်နေ့တွင် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးကို ၁၀-၃-၂၀၁၄ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၄-၈-၂၀၁၄ ရက်နေ့တွင် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို အဖွဲ့ဝင် ၁၂ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ကော်မရှင်အဖွဲ့ဝင် ၁၁ ဦးဖြင့် ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီး ယခုအခါ ကော်မရှင်အဖွဲ့ဝင် ၁၂ ဦးဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

### ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်များ

ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ် ပထမစက်ဝန်း ၂၀၁၀-၂၀၁၅ အတွက် မြန်မာနိုင်ငံ၏ ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှုအပေါ် ထိုင်းနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံတို့က သုံးသပ်ခဲ့ပြီး မြန်မာနိုင်ငံနှင့် တိုဂိုနိုင်ငံတို့က ကမ္ဘောဒီးယားနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်မှုအပေါ် သုံးသပ်ခဲ့ပါသည်။ ပထမစက်ဝန်းအတွက် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် သုံးသပ်မှုအစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

> **“အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် “ကျွမ်းကျင်မှုနည်းပညာအကူအညီများနှင့် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကောင်းမွန်သောအတွေ့အကြုံများနှင့် အလေ့အကျင့်များကို ဖလှယ်နိုင်ရေး” ရည်ရွယ်၍ ဒေသတွင်းနိုင်ငံများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိ”**

ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း ၂၀၁၆-၂၀၂၀ အတွက် မြန်မာနိုင်ငံ၏ ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှုအပေါ် အီရတ်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့က သုံးသပ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အိုင်ဗရီကို့စ်နိုင်ငံနှင့်ပူးပေါင်း၍ နိုင်ဂျီးရီးယားနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်မှုအပေါ်တွင် လည်းကောင်း၊ ကူဝိတ်နိုင်ငံနှင့်ပူးပေါင်း၍ ယူအေအီးနိုင်ငံ၏ အကောင်အထည် ဖော်ဆောင်မှုအပေါ်တွင်လည်းကောင်းသုံးသပ်ခဲ့ပါသည်။ ဒုတိယစက်ဝန်းအတွက် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် သုံးသပ်မှုအနှစ်ချုပ်အစီရင်ခံစာ ထွက်ပေါ်လာပြီဖြစ်ပြီး အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

### ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများညီလာခံ

ကွန်းဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ ညီလာခံ (Conference of the States Parties to the UNCAC – COSP) နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သော Implementation Review Group – IRG အစည်းအဝေးများနှင့် Open-ended Intergovernmental Working Group အစည်းအဝေးများသို့ ကော်မရှင်က ပါဝင်တက်ရောက်လျက်ရှိပါသည်။ ၂၀၂၁ ခုနှစ် မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် Special Session of the Conference of the States Parties to the UNCAC သို့လည်းကောင်း၊ ၂၀၂၁ ခုနှစ် ဇွန်လ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် Twelfth Session of the Implementation Review Group အစည်းအဝေးနှင့် Twelfth Session of the Open-ended Intergovernmental Working Group on Prevention အစည်းအဝေးများသို့လည်းကောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် Resumed Twelfth Session of the Implementation Review Group အစည်းအဝေး၊ Fifteenth Session of the Open-ended Intergovernmental Working Group on Asset Recovery အစည်းအဝေးနှင့် Tenth Open-ended Intergovernmental expert meeting to Enhance International Cooperation အစည်းအဝေးများသို့လည်းကောင်း ကော်မရှင်က အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ခဲ့ပါသည်။

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၆(ဏ)ပါ “အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း” လုပ်ငန်းစဉ်ကို ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေး အတွက် ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့ (ASEAN Parties Against Corruption – ASEAN-PAC) (ယခင်အရှေ့တောင်အာရှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့-South East Asia Parties Against Corruption – SEA-PAC) သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

စာမျက်နှာ ၁၂ သို့ ✤

# ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (ဝိဇ္ဇာအထူးပြုဘာသာရပ်) သင်တန်းများ ဖွင့်လှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

## ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (ဝိဇ္ဇာအထူးပြုဘာသာရပ်) သင်တန်းများ ဖွင့်လှစ်ခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (ဝိဇ္ဇာအထူးပြုဘာသာရပ်) သင်တန်းများ၏ စာစဉ်ပို့ချခြင်းများကို (၂၄-၁-၂၀၂၂) ရက်နေ့တွင် စတင်မည်ဖြစ်ပြီး စာစဉ်များကို သတ်မှတ်ရက်များအတိုင်း တင်သွင်းကြရမည်ဖြစ်သည်။

အနီးကပ်သင်တန်းများကို အောက်ပါအတိုင်းပို့ချမည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | သင်တန်းနှစ်၊ ဘာသာရပ် | အနီးကပ်ပို့ချတန်းကာလ |
|---|---|---|
| (၁) | ဒုတိယအသုတ်<br>စတုတ္ထနှစ် အဝေးသင်ဝိဇ္ဇာသင်တန်းများ<br>(အထူးပြုဘာသာရပ်များ-အင်္ဂလိပ်စာ၊<br>ဥပဒေ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊<br>ဒဿနိကဗေဒ)နှင့်<br>ပဉ္စမနှစ် ဥပဒေပညာသင်တန်း | (၅-၅-၂၀၂၂) ရက်နေ့မှ<br>(၁၄-၅-၂၀၂၂) ရက်နေ့ထိ |
| (၂) | တတိယအသုတ်<br>စတုတ္ထနှစ် အဝေးသင်ဝိဇ္ဇာသင်တန်းများ<br>(အထူးပြု ဘာသာရပ်များ-မြန်မာစာ၊ သမိုင်း၊<br>စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | (၂၅-၅-၂၀၂၂) ရက်နေ့မှ<br>(၃-၆-၂၀၂၂) ရက်နေ့ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

# ငြိမ်းချမ်းသာယာအေးချမ်းဖို့ ပြည်ထောင်စုစိတ်ဓာတ် မွေးကြစို့

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

✤ စာမျက်နှာ ၁၁ မှ

**အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ**

အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အချိန်မှစ၍ နှစ်စဉ်ကျင်းပသည့်အဖွဲ့၏ အကြီးအမှူးအစည်းအဝေးနှင့် ရုံးအဖွဲ့အစည်းအဝေးများသို့ ပါဝင်တက်ရောက်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အကြီးအမှူးအစည်းအဝေးနှင့် (၁၃) ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးတို့ကို မြန်မာနိုင်ငံ နေပြည်တော်၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်။ ၂၂-၉-၂၀၂၁ ရက်နေ့က ကျင်းပခဲ့သည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption – ASEAN-PAC)၏ (၁၇)ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ခေတ္တညွှန်ကြားရေးမှူးချုပ်တစ်ဦး ဦးဆောင်ကာ ပါဝင်တက်ရောက်ခဲ့ပါသည်။

ထို့အပြင် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption – ASEAN-PAC) ၏ (၁၇)ကြိမ်မြောက် အကြီးအမှူးအစည်းအဝေးသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်တစ်ဦး ဦးဆောင်၍ ပါဝင်တက်ရောက်ခဲ့ပြီး “ဒေသတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများ”ကို ပါဝင်ဆွေးနွေးခဲ့ပါသည်။

**နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် “ကျွမ်းကျင်မှုနည်းပညာအကူအညီများနှင့် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကောင်းမွန်သော အတွေ့အကြုံများနှင့် အလေ့အကျင့်များကို ဖလှယ်နိုင်ရေး” ရည်ရွယ်၍ ဒေသတွင်းနိုင်ငံများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ Government Inspectorate of Vietnam (GIV) နှင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ National Anti-Corruption Commission (NACC) နှင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် လာအိုနိုင်ငံ State Inspection and Anti-Corruption Authority(SIAA)နှင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ကိုရီးယားနိုင်ငံ Anti-Corruption and Civil Rights Commission (ACRC) နှင့်လည်းကောင်း နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ဒေသတွင်းမှ ကျန်ရှိသောနိုင်ငံများနှင့် MoU ဆက်လက်ရေးထိုးရေး စီမံဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံနှင့် စစ်တမ်းကောက်ယူခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အခြားစွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများတွင် နည်းပညာ အကူအညီပေးရေးဆိုင်ရာ Letter of Intent (LOI) ကို လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် အဂတိလိုက်စားမှုဖြစ်ပွားမှုဆိုင်ရာ စစ်တမ်းတစ်ခုကို ကောက်ယူနိုင်ခဲ့ပါသည်။

နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကယ်ဒမီ (International Anti-Corruption Academy – IACA) သို့ ၃၀-၁၁-၂၀၁၉ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး IACA အဖွဲ့မှ ကျင်းပသည့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများသို့ ပါဝင်တက်ရောက်လျက်ရှိပါသည်။ ၇-၁၀-၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် IACA ၏ (၁၀) ကြိမ်မြောက် အဖွဲ့ဝင်များ ညီလာခံ ($10^{th}$ Assembly of Parties _ $10^{th}$ AOP) သို့ ကော်မရှင်ရုံးမှ အရာထမ်းများ တက်ရောက်ခဲ့ပါသည်။

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကိုလည်း ကော်မရှင်အနေဖြင့် ၂၀၁၇ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်တွင် နေပြည်တော် Kempinski Hotel ၌လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ရန်ကုန်မြို့ Rose Garden Hotel ၌လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် နေပြည်တော် MICC II ၌လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် နေပြည်တော် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၌ Online ဖြင့်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်မှာ “Your right, your role: Say no to corruption” ဖြစ်ပြီး “မည်သူမဆို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုများမှ ရရှိလာသည့် အသီးအပွင့်ရလဒ်များကို ခံစားခွင့်ရှိသကဲ့သို့ မိမိသက်ဆိုင်ရာအခန်းကဏ္ဍမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ကာ အဂတိလိုက်စားမှုများကို လက်မခံကြောင်း ဖွင့်ဟဖော်ထုတ်ပြောဆိုနိုင်ခွင့်ရှိရမည်” ဟု ရည်ရွယ်ချမှတ်ထားခြင်းဖြစ်သဖြင့် ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေနိုင်ရေး ဦးတည်ကာ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်၌ Online စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

**နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ**

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့်ပူးပေါင်းကာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို မြှင့်တင်ပြီး နိုင်ငံတော်၏ “အဂတိပယ်ခွာ ပြည်သာယာပုံရိပ်” ကို မြှင့်တင်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား**

**(၁) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**
**(၂) ကော်မရှင်၏ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ**
**(၃) ကော်မရှင်ရုံး Website တွင်ဖော်ပြထားသည့် အချက်အလက်များနှင့်အခြားအချက်အလက်များ**

## သြစတြေးလျနိုင်ငံက အသက် ၁၈ နှစ်အထက်ရှိသူများအား Novavax ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် အတည်ပြု

ကင်ဘာရာ ဇန်နဝါရီ ၂၄

သြစတြေးလျနိုင်ငံသည် အသက် ၁၈ နှစ်အထက် အသက်အရွယ်ရှိသူများအား Novavax ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ယနေ့တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

သြစတြေးလျနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် အသုံးပြုရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး AstraZeneca ၊ Moderna နှင့် Pfizer တို့ကို အတည်ပြုပေးခဲ့ပြီးဖြစ်ခြင်းကြောင့် Novavax ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် သြစတြေးလျနိုင်ငံ၌ အသုံးပြုရန် အတည်ပြုပေးခဲ့သည့် လေးခုမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်ကြောင်း သိရသည်။

သြစတြေးလျနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့က အဆိုပါ Novavax ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံရာတွင် အသုံးပြုရန် လွန်ခဲ့သည့် သီတင်းသုံးပတ်တာ ကာလအတွင်းက အကြံပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သြစတြေးလျနိုင်ငံအစိုးရသည် အဆိုပါ Novavax ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၅၁ သန်းအား ဖေဖော်ဝါရီလအတွင်း ထိုးနှံပေးနိုင်ရန် ညွှန်ကြားထားကြောင်း သြစတြေးလျကျန်းမာရေးဝန်ကြီး ဂရက်ဟွန့်က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်




## တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၅၇ ဒသမ ၃၃ သန်းကျော် ရှိသွားပြီဖြစ်



အန်ကာရာ ဇန်နဝါရီ ၂၄

တူရကီနိုင်ငံ၌ လူဦးရေ ၅၇ ဒသမ ၃၃ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၅၂ ဒသမ ၂၆ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံ၌ တတိယအကြိမ် အပိုဆောင်းထိုးနှံပေးသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေစုစုပေါင်း ၁၄၀ ဒသမ ၇၄ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံသည် လက်ရှိတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်ခြင်းနှင့် ရင်ဆိုင်နေရပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၅၅၀၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၀၉၄၇၁၂၉ ဦး ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၅ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၈၅၉၆၉ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၇၅၄၂၂ ဦးရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
| --- | --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၅၂၅၀၆၄၃၇ | ဦး |
| သေဆုံးသူ | ၅၆၁၆၂၂၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၈၀၃၅၈၈၆၀ | ဦး |

## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၅၆ သန်းကျော် ရှိလာ

အဒစ်အဘာဘာ ဇန်နဝါရီ ၂၄

အာဖရိကတိုက်၌ ဇန်နဝါရီ ၂၃ ရက် ညနေပိုင်းအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၅၆၄၇၅၈ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၆၅၆၁ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၄၆၇၄၃၄ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၅၇၉၄၂၈ ဦးရှိကြောင်း၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၉၃၉၇၈ ဦးရှိကြောင်းနှင့် တူနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈၄၆၇၆၁ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်တစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုသည် ကမ္ဘာတစ်ဝန်းကူးစက်ခံရသူစုစုပေါင်း၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုသည် ကမ္ဘာတစ်ဝန်း အဆိုပါရောဂါဖြင့် သေဆုံးသူစုစုပေါင်း၏ ၄ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အာဖရိကတိုက်တစ်ဝန်းတွင် အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ကာ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသသည် ကူးစက်မှုဒုတိယအများဆုံးဖြစ်ပြီး အာဖရိကအလယ်ပိုင်းဒေသသည် ကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

## အိန္ဒိယနိုင်ငံ၌ ငါးရက်ဆက်တိုက် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သုံးသိန်းကျော်ရှိ



နယူးဒေလီ ဇန်နဝါရီ ၂၄

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၆၀၆၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ယင်းသို့ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သုံးသိန်းကျော်ရှိခဲ့သည်မှာ ငါးရက်ဆက်တိုက်ရှိသွားပြီဖြစ်ကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၉၅၄၃၃၂၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၃၉ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၄၈၉၈၄၈ ဦး ရှိလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၂၂၄၉၃၃၅ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၄၃၄၉၅ ဦးရှိခြင်းကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၆၈၀၄၁၄၅ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၁၇ သန်းကျော် ရှိလာ

မော်စကို ဇန်နဝါရီ ၂၄

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၅၁၀၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၁၇၃၃၀၀ ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၅၅ ဦးရှိခြင်းကြောင့် လက်ရှိတွင် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၂၆၇၆၇ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၁၇၁၄ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၀၄၅၃၃၆ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၈၀၁၁၉၇ ဦးရှိကြောင်း သိရသည်။ မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးဖြစ်ပွားသည့် ဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၅၀၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၂၁၉၄၀၄၅ ဦးရှိလာကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# မိုးကုတ်မြို့နယ်၌ ငွေကျပ်သိန်း ၅၈၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

မိုးကုတ်မြို့နယ်၌ ငွေကျပ်သိန်း ၅၈၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**ဆေးပြား ၃ ဒသမ ၉ သိန်း**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် ညနေ ၄ နာရီခွဲတွင် မိုးကုတ်မြို့နယ် မိုးကုတ်-မိုင်းလုံ သွားကားလမ်း လယ်ကြီးပူးပေါင်းစစ်ဆေးရေးစခန်း၌ မိုင်းလုံမှ မိုးကုတ်ဘက်သို့ စိုင်းကျော်ဌေး မောင်းနှင်ပြီး နန်းခမ်းဆွေနှင့် သိန်းဝင်းအောင်တို့လိုက်ပါလာသည့်ယာဉ်အား သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၅၈၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့သုံးဦးအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



စိုင်းကျော်ဌေး၊ သိန်းဝင်းအောင်နှင့် နန်းခမ်းဆွေတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

■

# တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် သစ်မျိုးစုံ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သော တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၆၃၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

အလားတူ ဇန်နဝါရီ ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး (၁၆)မိုင်ကျောက်ချော စစ်ဆေးရေးစခန်းတွင် အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သော တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က တရုတ်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၄၁၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဇန်နဝါရီ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူး၊ တောင်ငူနှင့် ပြည်ခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် သစ်မျိုးစုံ ၂၇ ဒသမ ၁၉၁၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၆၇၂၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဇန်နဝါရီ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ(၁၃)မှု၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၅၀၇၂၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**





သိမ်းဆည်းရမိသည့် တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် သစ်များအား တွေ့ရစဉ်။






ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိလာသဖြင့် ဈေးများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ် ရောင်းဝယ်ဖောက်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

❒ **ကယားပြည်နယ်အတွင်းမှ**

စနစ်တကျလက်ခံခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကယားပြည်နယ်အတွင်း NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှ စတင်၍ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ KNPP အဖွဲ့အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အဆိုပါဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၂ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ရာ နယ်မြေတည်ငြိမ်အေးချမ်းမှုများ ပြန်လည်ရရှိလာသဖြင့် ဈေးများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်၍ အေးချမ်းတည်ငြိမ်စွာ ရောင်းဝယ်ဖောက်ကားလျက်ရှိသည့်အပြင် ဘုရား၊ စေတီများနှင့် အခြားဘာသာရေးကျောင်းများ၌လည်း ဘုရားဖူးဝတ်ပြုဆုတောင်းသူများနှင့် ပုံမှန်အတိုင်း သွားလာလှုပ်ရှားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ပုလောမြို့နယ် မဒေါ- သပြုပြင်ကျေးရွာချင်းဆက် ကျောက်လမ်းပေါ် သံကူကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ပြီးစီးတော့မည်

နေပြည်တော် ဇန်နဝါရီ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပုလောမြို့နယ် နန်းသီလာကျေးရွာအုပ်စု မဒေါ- သပြုပြင်ကျေးရွာချင်းဆက် ကျောက်လမ်း ၅/၀ မိုင်ပေါ်တွင် ၁၅ ပေ နှင့် ပေ ၃၀ သံကူကွန်ကရစ်တံတား နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ သံကူကွန်ကရစ်တံတား နှစ်စင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၇၂၈ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုကို တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ထားဝယ်)မှ ညွှန်ကြားရေးမှူး ဦးရန်လင်းအောင်နှင့်အဖွဲ့က ဇန်နဝါရီ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများစံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါတံတားများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ကျေးရွာ သုံးရွာ၊ အိမ်ခြေ ၁၅၀၊ လူဦးရေ ၁၀၆၀ ကို အကျိုးပြုမည်ဖြစ်ပြီး ကျေးရွာနေဒေသခံပြည်သူများ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကာ လူမှုစီးပွားဘဝ ယခင်ကထက် ပိုမိုမြင့်မား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၄-၁-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 2 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 3 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 4 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti–inflammatory | | | | |
| 5 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 6 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 7 | Injection– Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 8 | P.O Favipiravir 400 mg | 2 X 10 Tablet | 50000 | AA Medical |
| 9 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 10 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## မြစိမ်းရောင်စီမံကိန်းကျေးရွာနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာတို့အား ကွင်းဆင်းစစ်ဆေး

ကန်ကြီးထောင့် ဇန်နဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ထားရှိသော ဝါးခူးကျေးရွာအုပ်စု အနောက်စုကြီးကျေးရွာ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သော မွေးမြူရေးလုပ်ငန်းများ၊ မြစိမ်းရောင် အတိုးရငွေဖြင့် ဆောင်ရွက်သော ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့နှင့် မြင်းကဆိပ်ကျေးရွာအုပ်စု ထန်းပင်ချောင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း VDP ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသိန်း၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ဒေသခံကျေးရွာကော်မတီဝင်များအား စီမံကိန်း၏ အကြောင်းအရာများကို ရင်းရင်းနှီးနှီး ဆွေးနွေးကြကြောင်း သိရသည်။

၂၂



**ရင်းနှီးချစ်ကြည် တွဲလက်ညီ ပြည်ထောင်စုဘွား တိုင်းရင်းသား**

# ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက်(အမျိုးသမီး) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ရခိုင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၄**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက်(အမျိုးသမီး) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ရခိုင်ပြည်နယ် အမျိုးသမီး ဘောလုံးအသင်းအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေး ခန်းမ၌ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အောင်ပွဲရ အားကစားသမားများ တက်ရောက်ကြသည်။




**ရှင်းလင်းပြောကြား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီးဘောလုံးအသင်းအဖွဲ့ခေါင်းဆောင် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ အောင်ပွဲရအားကစားသမားများအတွက် ပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တိုင်းမှူးတို့က ပြည်နယ်ဝန်ကြီးချုပ်ထံသို့လည်းကောင်း၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရခိုင်ယူနိုက်တက်အသင်းတို့မှ ပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများထံသို့လည်းကောင်း ပေးအပ်ကြသည်။ ယင်းနောက် အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရခိုင်ပြည်နယ်ဂုဏ်ဆောင် အမျိုးသမီးဘောလုံးအသင်းအတွက် ပြည်နယ်အစိုးရအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရခိုင်ယူနိုက်တက်အသင်းတို့က ချီးမြှင့်ငွေစုစုပေါင်း ငွေကျပ် ၄၃၃ သိန်းကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၁၄၈ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ဒေသခံပြည်သူ ၃၄၀၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၆၈၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၅၂၂၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ ဒေသခံပြည်သူ ၈၀၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၈၈၆၅ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၂၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးနှင့် လျော့နည်းကျဆင်းစေရေးတို့အတွက် ရုရှားနိုင်ငံထုတ် Sputnik Light ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးများကို ဇန်နဝါရီ ၂၀ ရက်မှ စတင်ထိုးနှံပေးလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ဆေးထိုးစုရပ်၌ ပြည်သူများကို ထိုးနှံပေးခဲ့သည်။ Sputnik Light ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးသည် တစ်ကြိမ်သာ ထိုးနှံပေးမည့် ကာကွယ်ဆေး ဖြစ်ကြောင်း အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကာကွယ်ဆေး ထိုးနှံရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (စီမံ၊ ဘဏ္ဍာ) ဒေါက်တာမိုးမိုးမြင့်နှင့် အခြေခံကျန်းမာရေး ကျွမ်းကျင်ပညာရှင် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးကြသည်။

ကာကွယ်ဆေး ထိုးနှံရန် လာရောက်ကြသည့် ပြည်သူများအား ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီနှင့် အင်းစိန်မြို့နယ် ကြက်ခြေနီအသင်း၊ ပရဟိတ လူမှုရေး အသင်းအဖွဲ့များက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်သည်။

ဉာဏ်ဟိန်း

■



# မြောင်းမြခရိုင်အတွင်း ငါးသယံဇာတများရေရှည်ထိန်းသိမ်းရေး ညှိနှိုင်းဆွေးနွေး

**မြောင်းမြ ဇန်နဝါရီ ၂၄**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ခရိုင်အတွင်း အင်းချောင်းများ ပြုပြင်တူးဖော်ခြင်းဖြင့် ရေချိုငါးလုပ်ငန်းရေပြင်များ လျော့နည်းပျောက်ကွယ်ခြင်းမှကာကွယ်ရန်၊ ငါးအထွက်တိုးအောင် ဆောင်ရွက်ရန်၊ ရေချိုငါးလုပ်ငန်း ဥပဒေကြေးတိုင်အင်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရန် ကြေးတိုင်လျှောက် အင်းသားကြီးများနှင့် ညှိနှိုင်းဆွေးနွေးခြင်းအား မြောင်းမြခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူးရုံးတွင် ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။



အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းမောင်ဦးက ရေချိုငါးလုပ်ငန်းဥပဒေများနှင့်ပတ်သက်၍လည်းကောင်း၊ ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားခဲ့ပြီး အင်းသားကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံတော်အတွက် ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဒို့ဆောင်ရွက်**

# SARS-CoV-2 Variant Omicron (အိုမီခရွန်)ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၁-၂၀၂၂) ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း"များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight)များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး တွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) တို့တွင် (၂၄-၁-၂၀၂၂) ရက်နေ့က ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ (၃၇) ခုတွင် တွေ့ရှိရပါသည်။

၃။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား (၃၆) ဦးနှင့် နိုင်ငံခြားသား (၁) ဦးမှာ Relief Flight များဖြင့် ဝင်ရောက်လာသူများဖြစ်ပြီး ယူအေအီးနိုင်ငံမှ (၁၅) ဦး၊ မလေးရှားနိုင်ငံမှ (၇) ဦး၊ အိန္ဒိယနိုင်ငံမှ (၆) ဦး၊ ကိုရီးယားနိုင်ငံမှ (၄) ဦး၊ စင်ကာပူနိုင်ငံမှ (၃) ဦး၊ ထိုင်းနိုင်ငံမှ (၁) ဦးနှင့် ရုရှားနိုင်ငံမှ (၁) ဦးတို့ ဖြစ်ကြပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်း လုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**





# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အံတော်ရှင်တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ကြောင်ပန်းကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကလေးဝတောရ စာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် တိုက်ကြီးပရိယတ္တိစာသင်တိုက်နှင့် ဟသ်ာတမြို့နယ် မြစ်ကွေ့ပရိယတ္တိစာသင်တိုက်တို့သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ခရမ်းရောင်ကန်စွန်းဥအမှုန့် ပြည်ပဈေးကွက်ရရှိရန် ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၄**

သွင်းကုန်အစားထိုး တန်ဖိုးမြှင့် ခရမ်းရောင်ကန်စွန်းဥအမှုန့်ကို ပြည်ပမှ တင်သွင်းနေသည့် ကုမ္ပဏီများသို့ ဈေးကွက်ချိတ်ဆက်ရောင်းချနိုင်ရန်နှင့် ခိုင်မာသော ပြည်ပဈေးကွက်ရရှိရန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**ကန်စွန်းဥအမှုန့်အဖြစ် ထုတ်လုပ်လျက်ရှိ**

၂၀၂၀ ပြည့်နှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ဘန်းယဉ်မြို့နယ်နှင့် ဟိုပုန်းမြို့နယ်တို့၌ စိုက်ပျိုးရေးကုမ္ပဏီနှစ်ခုက ဂျပန်နိုင်ငံမှရရှိသည့် BENI IMO ကန်စွန်းဥမျိုးများကို ပြုပြင်၍ ကိုယ်တိုင်စိုက်ပျိုးခြင်းအပြင် တောင်သူတို့နှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီး ထွက်ရှိလာသည့် ခရမ်းရောင်ကန်စွန်းဥများကို အဆင့်မြှင့်တင်၍ ကန်စွန်းဥအမှုန့် (Sweet Potato Pounder) အဖြစ် အောင်မြင်စွာ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

"ဂျပန်နိုင်ငံက လက်ဆောင်ရတဲ့မျိုးကို ဒီမှာသွင်းအားစုတွေနဲ့ ပြန်လည်ပြုပြင်လိုက်တော့ မူလအဖြူရောင်ကန်စွန်းဥက ခရမ်းရောင်ပြောင်းသွားပြီး အရသာနဲ့ အရည်အသွေးလည်း ကောင်းသွားတယ်။ တောင်ကြီးဈေးကွက်မှာ ရောင်းချနေတဲ့ ခရမ်းရောင်ကန်စွန်းဥတွေဟာ စမ်းသပ်စိုက်ပျိုးအောင်မြင်မှုရတဲ့ ကန်စွန်းဥတွေပါ။ မူပိုင်မျိုးရင်းကိုလည်း မူပိုင်ခွင့်ရရှိဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို တင်ထားတယ်။ ကုမ္ပဏီကစိုက်ဧက ၁၅၀ နဲ့ တောင်သူစိုက်ခင်းတွေလည်းရှိတယ်။ တစ်ဧကကို ကန်စွန်းဥ ပိဿာ ၁၅၀၀ ကနေ ပိဿာ ၃၀၀၀ အထိ ထွက်တယ်။ ဒါကြောင့် အာဟာရစားသောက်ကုန်တွေမှာ အသုံးပြုတဲ့ ကန်စွန်းဥအမှုန့်ကို ပြည်ပက တင်သွင်းနေရတဲ့ ပြည်တွင်း စားသောက်ကုန်လုပ်ငန်းတွေအတွက် အဆင်ပြေလာသလို ပြည်ပကို တင်ပို့နိုင်တဲ့အထိ ထုတ်လုပ်ဖြန့်ချိနိုင်တာကြောင့် တောင်သူတွေ ဝင်ငွေတိုးမြှင့်ရရှိစေတဲ့အပြင် နိုင်ငံတော်အတွက်လည်း ပို့ကုန်ဝင်ငွေရရှိစေတာကြောင့် ပြည်ပကုန်စည်ပြပွဲတွေမှာ မိတ်ဆက်ပြသဖို့ ကျွန်တော်တို့လည်း ဖြည့်ဆည်းဆောင်ရွက်နေပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(ရှမ်းပြည်တောင်ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဝင်းကျော်က ပြောသည်။

တောင်ပေါ်၊ မြေပြန့်ဒေသတို့တွင် ကန်စွန်းဥ အဖြူရောင်၊ အဝါရောင်၊ ပန်းရောင်တို့ကို အဓိကစိုက်ပျိုးကြပြီး ယခုအခါ ဂျပန်အဖြူရောင်ကန်စွန်းဥမျိုးမှ ခရမ်းရောင်မျိုးအဖြစ် ပြုပြင်စမ်းသပ်စိုက်ပျိုးခဲ့ရာ အရသာအချိုဓာတ်များ၍ စေးပိုင်မှုရှိခြင်းနှင့် အထွက်နှုန်းကောင်းခြင်းစသည့် ရလဒ်ကောင်းများ ရရှိခဲ့သည်။ ကန်စွန်းဥကို သိုလှောင်ထိန်းသိမ်းရာတွင် လေလုံခန်း၌ အနည်းဆုံး(၆)လနှင့် အအေးခန်း၌ တစ်နှစ်ထားရှိကြပြီး ကန်စွန်းဥအမှုန့်ကို ကမ္ဘာ့နိုင်ငံကြီးများ၌ ပါစတာ (Pasta)၊ ဒိုးနတ်မှုန့်၊ Hot Chocolate၊ Ice-Cream မုန့်များတွင် အနံ့၊ အရသာနှင့် အရောင်အတွက် ရောစပ်အသုံးပြုကြသည့်အပြင် ပြည်တွင်းအာဟာရထုတ်လုပ်သော စားသောက်ကုန်တို့၌ အသုံးပြုလျက်ရှိသည်။

အရည်အသွေးကောင်းသော ကန်စွန်းဥများကို တာရှည်သိုလှောင်ထိန်းသိမ်းရန် ခက်ခဲသောကြောင့် မြန်မာနိုင်ငံမှ ထွက်ရှိသော ခရမ်းရောင်ကန်စွန်းဥများကို တန်ဖိုးမြှင့် ကန်စွန်းဥအမှုန့်များ ပြုလုပ်၍ တစ်လလျှင် ၁၀ တန်ခန့် ထုတ်လုပ်ဖြန့်ချိလျက်ရှိသည်။ တန်ဖိုးမြှင့်ကန်စွန်းဥအမှုန့်များကို စားသောက်ကုန်ထုတ်လုပ်သည့် ပြည်တွင်းဈေးကွက်၌ သွင်းကုန်အစားထိုးအနေဖြင့် ဖြန့်ဖြူးပေးလျက်ရှိရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် ပြည်ပမှ တင်သွင်းလျက်ရှိသည့် ကန်စွန်းဥအမှုန့်ကို ပြည်တွင်း ထုတ်လုပ်မှုဖြင့် အစားထိုးနိုင်ရန်၊ ခိုင်မာသော ပြည်ပဈေးကွက် ဖော်ဆောင်နိုင်ရန်နှင့် မတ်လတွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ကျင်းပမည့် လန်ချန်း-မဲခေါင်(၅)နိုင်ငံ ကုန်စည်ပြပွဲ၌ အွန်လိုင်းမှ ပါဝင်ပြသ၍ ဈေးကွက်မိတ်ဆက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။



**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၂ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၀၄ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၇၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၈၃,၀၆၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၄,၁၆၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၃၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၂,၃၃၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွှယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်-၁၉ရောဂါပိုး ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့် ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၂၄) ခု | (၂၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၃) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၄) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ(ခုတင် ၁၀၀) | (၁၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၄၂) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၂) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၆၄၅) ခု | (၅၇) ဦး |
| **စုစုပေါင်း** | **(၈,၈၇၅) ခု** | **(၉၂) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၁၉၂၅၉၃၁ | ၄၄၃၆၅၆၆၉ | ၈၈၉၁၉၇ |
| ၂။ | အိန္ဒိယ | ၃၉၅၄၃၃၂၈ | ၃၆၈၀၄၁၄၅ | ၄၈၉၈၉၆ |
| ၃။ | ဘရာဇီး | ၂၄၀၄၄၄၃၇ | ၂၁၈၅၁၉၂၂ | ၆၂၃၁၄၅ |
| ၄။ | ပြင်သစ် | ၁၆၆၉၂၄၃၂ | ၁၀၄၆၀၈၇၆ | ၁၂၈၆၂၉ |
| ၅။ | ဗြိတိန် | ၁၅၈၅၉၂၈၈ | ၁၂၂၂၃၇၂ | ၁၅၃၈၆၂ |
| ၆။ | ရုရှား | ၁၁၁၇၃၃၀၀ | ၁၀၀၄၅၃၃၆ | ၃၂၆၇၆၇ |
| ၇။ | တူရကီ | ၁၀၉၄၇၁၂၉ | ၁၀၂၃၈၁၃၆ | ၈၅၉၆၉ |
| ၈။ | အီတလီ | ၉၉၂၃၆၇၈ | ၇၀၄၅၂၄၉ | ၁၄၃၅၂၃ |
| ၉။ | စပိန် | ၈၉၇၅၄၅၈ | ၅၄၄၃၆၃၂ | ၉၁၇၄၁ |
| ၁၀။ | ဂျာမနီ | ၈၇၁၇၁၄၅ | ၇၂၇၃၁၀၀ | ၁၁၇၃၅၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၈၉၃၀၅ | ၄၁၂၄၂၁၁ | ၁၄၄၂၂၇ |
| ၂။ | ဖိလစ်ပိုင် | ၃၄၄၂၀၅၆ | ၃၁၂၅၅၄၀ | ၅၃၅၁၉ |
| ၃။ | မလေးရှား | ၂၈၃၂၉၄၅ | ၂၇၅၅၉၃၃ | ၃၁၈၉၂ |
| ၄။ | ထိုင်း | ၂၃၈၄၆၃၉ | ၂၂၈၀၁၀၉ | ၂၂၀၄၈ |
| ၅။ | ဗီယက်နမ် | ၂၁၅၅၇၈၄ | ၁၈၄၁၁၈၀ | ၃၆၈၈၄ |
| ၆။ | မြန်မာ | ၅၃၄၁၆၃ | ၅၁၂၃၃၁ | ၁၉၃၁၀ |
| ၇။ | စင်ကာပူ | ၃၁၃၇၇၂ | ၂၉၉၄၄၈ | ၈၄၈ |
| ၈။ | လာအို | ၁၃၀၂၉၃ | ၁၂၁၅၁၉ | ၅၂၇ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၁၀၆၆ | ၁၁၇၂၃၂ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၆၁၄၈ | ၁၅၆၈၂ | ၉၈ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၃ မျိုး စုစုပေါင်း ၉၁၈၆၉ ဒသမ ၃၆ ကီလိုဂရမ်ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှောင်မြို့နယ်သမဝါယမအသင်းစုမှ ကော်ဖီသီးနှံများ ဝယ်ယူကြိတ်ခွဲဖြန့်ဖြူးလျက်ရှိ

ရှောင် ဇန်နဝါရီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့နယ်သမဝါယမအသင်းစုက ကော်ဖီစေ့များ ဝယ်ယူကြိတ်ခွဲဖြန့်ဖြူးလျက်ရှိရာ ရှောင်မြို့နယ်အတွင်းရှိ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူများသာမက ဒေသခံကော်ဖီစိုက်တောင်သူများပါ မြို့နယ်သမဝါယမအသင်းစုသို့ လာရောက်ရောင်းချလျက်ရှိသည်။

### ဝင်ငွေကောင်းမွန်လျက်ရှိ

ရှောင်မြို့နယ် သမဝါယမအသင်းစုအနေဖြင့် ယခုနှစ် ကော်ဖီရာသီချိန်အတွင်း ကော်ဖီတန်ချိန် ၁၅၀ ခန့် ဝယ်ယူရန် လျာထားခဲ့သော်လည်း ယနေ့အထိ ကော်ဖီတန်ချိန် ၁၆၄ တန်ခန့် ဝယ်ယူပြီးဖြစ်ကြောင်းနှင့် ကော်ဖီသီးဈေးနှုန်းကောင်းမွန်မှုကြောင့် ကော်ဖီစိုက်တောင်သူများ ယခင်နှစ်များထက် ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

“ပြန်ပြောစမ်းပါဦး ဦးလေးကိုထွန်းခင်။ ပြန်ပြောစမ်းပါဦး”

ကြားရသောသတင်းစကားကို မယုံကြည်နိုင်သလို ခင်ခင်ကြီး ထပ်မေးသည်။

“အစကတော့ ဒီသတင်းကို ပြန်မပြောဘူးလို့ဘဲ။ ဒါပေမဲ့ မပြောဘဲလည်း မနေနိုင်လို့ ပြောရတာပဲ ခင်ခင်ကြီး။ ဒီလိုတဲ့။ ဦးမောင်ကလေးတို့ဟာ စလင်းနဲ့ ဆင်ဖြူကျွန်းသွားတဲ့ လမ်းတစ်နေရာမှာ ဓားပြအတိုက်ခံရတယ်။ ဓားပြတွေက သူတို့ လင်မယားနဲ့ လှည်းသမားကို ဓားနဲ့ အသေခုတ်သတ်သွားကြတယ်။ လမ်းသွားလမ်းလာတွေက တွေ့တော့ မြင်မကောင်းတာနဲ့ ဖြစ်သလိုမြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြရတယ်”

ခင်ခင်ကြီး၏မျက်နှာတွင် သွေးမရှိတော့သလို ဖြစ်သည်။ မျက်ဝန်းမှာ အလွန်ထိတ်လန့်ကြောက်ရွံ့ဖွယ်အဖြစ်ကို မြင်တွေ့ရသလို ဂနာမငြိမ်အောင် ဖြစ်လာသည်။ နှုတ်ခမ်းမှာ ဖြူရော်ကာ တဆတ်ဆတ်တုန်လာသည်။

“အဲဒီသတင်းဟာ အမှန်ပဲလားဟင်။ အမှန်ပဲလား”

မိမိနားကိုပင် မယုံကြည်နိုင်သလို ခင်ခင်ကြီး မေးသည်။

အမှန်ပဲ ခင်ခင်ကြီး။ သတင်းပေးတဲ့လူဟာ သူတို့ရဲ့အလောင်းတွေကို မြေမြှုပ်ပေးခဲ့ရတဲ့နေရာမှာ ပါခဲ့တဲ့လူ။ ဓားပြတွေက ဘယ်လောက်ရက်စက်သလဲဆိုရင် နားကပ်ကို လက်နဲ့ဖြုတ်မယူဘဲ နားကိုဖြတ်သွားတယ်။ လက်ကောက်ကို ချွတ်မယူဘဲ လက်ကိုဖြတ်သွားတယ်”

“ကလေး၊ ကျွန်မကလေး”

ခင်ခင်ကြီးသည် ကိုထွန်းခင်၏စကားမဆုံးမီ ဖြတ်အော်သည်။

“ကလေးနဲ့ပတ်သက်လို့ အဲဒီလူဆီမှာ ဦးလေး မေးကြည့်သေးတယ်။ ဒါပေမဲ့ အလောင်းတွေထဲမှာ ကလေးမပါတာ သေချာတယ်လို့ ပြောတယ်”

“ဒါဖြင့် ကလေးဘယ်ရောက်သွားသလဲဟင်”

“ဒါကိုတော့ မသိဘူးတဲ့ကွယ်”

ခင်ခင်ကြီးသည် ဆို့နင့်သွားသလိုရှိသည်။

“တစ်ခုတော့ သေချာတယ်။ ကလေးဟာ ဘေးမသီ ရန်မခဘူးဆိုတာပေါ့”

ကိုထွန်းခင်က ဖျောင်းဖျသည်။

“ဒါပေမဲ့ ဘယ်မှာလဲ ကျွန်မကလေး ဓားပြတွေ လက်ထဲ ပါသွားသလားဟင်”

“အဲဒီလို ယူဆရတာပဲကွယ်”

ခင်ခင်ကြီးသည် ကိုထွန်းခင်၏လက်ကို လွှတ်လိုက်သည်။ ရုတ်တရက်ဆိုသလိုမှာပင် အိမ်ပေါ်ထပ်သို့ ပြေးတက်လာသည်။

မေမေ့အခန်းသို့ ရောက်လာသည်။ မေမေ့ရင်ခွင်ထဲသို့ ပစ်လှဲဝင်ရောက်လိုက်သည်။ ဒေါ်မြလေးသည် အိပ်ပျော်နေရာမှ ခင်ခင်ကြီး၏ခြေသံကြောင့် လန့်နိုးလာရသည်။ အထိတ်အလန့်ဖြစ်နေသည်။

“ဟဲ့-ဟဲ့ ဘာလဲသမီး”

မေမေ့အမေးကို ခင်ခင်ကြီး ရုတ်တရက်မဖြေနိုင်။ ငိုရှိုက်လိုခြင်းက သူမအား လွှမ်းမိုးထားသည်။

“သမီး၊ သမီး ဘာဖြစ်တာလဲဆိုတာ ပြောစမ်းပါဦး သမီးရယ်”

“သွားပြီ မေမေ၊ သွားပြီ”

“ဘာသွားတာလဲ သမီးရဲ့”

“သမီးရဲ့ ကလေးလေ။ ခင်ကြီးရဲ့ ကလေးလေ။ ဆုံးပြီ မေမေရဲ့။ ခင်ကြီးရဲ့သမီးကို ခင်ကြီး ပြန်မရနိုင်တော့ဘူး မေမေရဲ့”

“အို”

ဒေါ်မြလေးသည် အိပ်ရာမှထလိုက်သည်။ သမီးဖြစ်သူကို တင်းကျပ်စွာ ဖက်လိုက်သည်။

“ဘယ်လိုဖြစ်ရပြန်တာလဲကွယ်”

သူက စိတ်မကောင်းနိုင်သလို ညည်းညည်းညူညူဆိုသည်။

“ဦးမောင်ကလေးရော ဒေါ်ရွှေသစ်ပါ ဓားပြသတ်လို့ သေပြီတဲ့။ ခင်ကြီးရဲ့သမီးကို ဓားပြတွေ ဖမ်းသွားသတဲ့ မေမေရဲ့”

“ဖြစ်မှဖြစ်ရလေကွယ်”

“ဓားပြတွေက ခင်ကြီးရဲ့သမီးကို အရှင်ထားပွဲမလားကွယ်။ ဘယ်သူကပြောတာလဲဟင်”

“ဦးလေးကိုထွန်းခင် အခုပဲပြန်လာတယ်။ သူကြားလာတာ”

ဒေါ်မြလေးသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် လက်နှစ်ဖက်ကို ပူးယှက်လိုက်သည်။

“ဘုရားသိကြားမလို့ ဒီသတင်းမမှန်ပါစေနဲ့ ဘုရား”

“အခုမှ ဘုရားတနေလို့ အပိုပဲမေမေရဲ့။ ဒါကြောင့် ဦးမောင်ကလေးတို့ မြို့ကိုပြန်ရောက်မလာတာပေါ့။ ဆုံးပါပြီ မေမေရယ်။ ဆုံးပါပြီ။ ခင်ကြီးအသည်းတွေ ကြေကုန်ပြီ မေမေရဲ့။ ကြေကုန်ပြီ”

ခင်ခင်ကြီးသည် မိခင်ဖြစ်သူ၏ရင်တွင် မျက်နှာအပ်ကာ ရှိုက်ပြန်သည်။

ဒေါ်မြလေး မနေသာတော့။ ထိုင်ရာမှထသည်။

“နေစမ်းပါဦးကွယ်။ ကိုထွန်းခင်ကို မေမေမေးပါဦးမယ်”

“စင်စစ် လူတွေမှာ ဆိုးရွားတဲ့အဖြစ်အပျက်ကို ဘယ်သူမှ မဖြစ်ချင်ကြဘူး။ ဘယ်သူမှ မလိုလားကြဘူး။ ဒါပေမဲ့ ဆိုးရွားတဲ့အဖြစ်အပျက်ဆိုတာ ဘယ်သူမှမခေါ်ပေမဲ့ သူ့အလိုလိုရောက်လာတတ်တယ်။ ဘယ်သူမှ လက်မခံထားချင်ပေမဲ့ သူ့ဟာသူ နေနေတယ်။ ဒါကို ကံကြမ္မာလို့ လူတို့ခေါ်နေကြတယ်။ လူဟာ ကံပစ်ချတဲ့နေရာမှာ နေရတယ်လို့ စကားရှိတယ်။ ကြည့်စမ်းသမီး။ စစ်ဖြစ်နေတာကိုကြည့်စမ်း။ စစ်ကို ဘယ်သူက တောင့်တသလဲ။ ဘယ်သူက လိုချင်သလဲ။ သေလိုက်ကြတာ သောက်သောက်လဲ။ ပျက်စီးလိုက်တာတွေ ဒုန်းဒေး။ မွဲကြ၊ ငတ်ကြ၊ နာကြ၊ ကျင်ကြနဲ့”

ဒေါ်မြလေးသည် အိမ်ပေါ်ထပ်မှ ဆင်းသည်။ ခင်ခင်ကြီးသည် ခေါင်းအုံးတွင် မျက်နှာအပ်ကာ ငိုရှိုက်ကျန်ရစ်ခဲ့သည်။

ဒေါ်မြလေးသည်အောက်ထပ်သို့ ရောက်သောအခါ ကိုထွန်းခင်ကို စာကြည့်ခန်းမှာ မြင်ရသည်။ ကိုထွန်းခင်သည် ဦးအောင်ခန့်နှင့် မျက်နှာချင်းဆိုင်လျက်ရှိသည်။ ဦးအောင်ခန့်က ခေါ်ယူမေးမြန်းသည်တွင် သူ ပြန်လှန်ဖြေကြားရဟန်ရှိသည်။

ဒေါ်မြလေးသည် အခန်းပေါက်ဝတွင် ရပ်မိသည်။ သည်တွင် ဦးအောင်ခန့်၏အသံကို ကြားရသည်။

“ဒီကိစ္စကို ဒီအတိုင်းမထားနဲ့ ထွန်းခင်။ မင်းကိုယ်တိုင် စလင်းကို ချက်ချင်းလိုက်သွား။ သတင်းအပြည့်အစုံကိုမေး။ ဖြစ်နိုင်ရင် ဓားပြတွေအကြောင်းကို စုံစမ်း။ အိုကွာ၊ ကုန်ကုန်ပြောလိုက်မယ်။ ကလေးကို သူတို့လက်ထဲက ဖြစ်တဲ့နည်းနဲ့ ပြန်ရအောင်လုပ်ရမယ်။ ဒါပဲ”

ဦးအောင်ခန့်၏စကားကြောင့် ဒေါ်မြလေး၏ရင်မှာ အနည်းငယ် စိတ်အေးရသည်။ အားတက်လာသလို ခံစားရသည်။

“အောင်ခန့်ရဲ့မြေးဟာ ဓားပြရဲ့ကလေးအဖြစ်မျိုးတော့ မဖြစ်မခံနိုင်ဘူးပေါ့”

အောင်ခန့်ရဲ့မြေး။

ယင်းစကားသည် ဒေါ်မြလေး၏နားထဲသို့ အေးမြချိုဆိမ့်သောအသံအဖြစ် ဝင်ရောက်လာသည်။

အင်း၊ တစ်နေ့တော့ ဒါမျိုးပဲဖြစ်ရမှာပေါ့။ သွေးကိုး။ သွေးကစကားပြောတာကိုး။

ဒေါ်မြလေး ယင်းသို့ တွေးသည်။

“မေမေကြီး။ မေမေကြီး”

ယင်းအခိုက် အိမ်အပေါ်ထပ်မှ အစေခံမိန်းကလေး၏ ထိတ်လန့်တကြားအော်ဟစ်သံကို ကြားရသည်။ အာရုံသည် အထက်ထပ်ဆီသို့ ရောက်သွားသည်။

“ဟဲ့ ဘာလဲ၊ ဘာလဲ”

အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကြရသည်။

မိန်းကလေး၏အသံကို ကြားရပြန်သည်။

ဒေါ်မြလေးသည် မည်သည့်နည်းနှင့် လှေကားကို တက်ရောက်သွားမိမှန်း မသိ။ သူ့နောက်မှာ ကိုထွန်းခင်၊ ကိုထွန်းခင်၏နောက်တွင် ဦးအောင်ခန့်။ အားလုံးလိုက်ပါလာသည်။

အိပ်ခန်းပေါက်ဝသို့ ရောက်ရသည်။

မြင်လိုက်ရသောမြင်ကွင်းကြောင့် ဒေါ်မြလေးမှာ အလန့်လန့် အဖျပ်ဖျပ် ဖြစ်ရသည်။ တုန်လှုပ်ချောက်ချားသွားရသည်။

ခင်ခင်ကြီးသည် ပြတင်းပေါက်တွင် ရောက်နေသည်။ ကိုယ်တစ်ပိုင်း အပြင်သို့ထွက်နေသည်။ သူသည် အိမ်ပေါ်မှခုန်ချရန် ကြိုးစားနေခြင်းဖြစ်သည်။ အစေခံမိန်းကလေးက ဆွဲထားသည်။

“သမီး၊ သမီး”

ဒေါ်မြလေးသည် အော်ရင်းဟစ်ရင်း ခင်ခင်ကြီး၏နောက်သို့ ရောက်လာသည်။ ဝိုင်း၍ဆွဲကြသည်။ ကိုထွန်းခင်၊ ဦးအောင်ခန့်တို့သည်လည်း ရောက်လာကြသည်။ ကူဆွဲသည်။

“ခင်ကြီးကို လွှတ်ပါ။ ခင်ကြီး သေပါရစေ။ ခင်ကြီး သေပါရစေ”

ခင်ခင်ကြီးသည် ယခုတိုင်အောင် ရုန်းကန်ဆဲ။ အော်ဟစ်ဆဲ။

“မဟုတ်တာပဲကွယ်။ မလုပ်လိုက်ပါနဲ့ သမီးလေးရယ်။ မေမေ့ရင်ကို မခွဲလိုက်ပါနဲ့”

ဒေါ်မြလေးသည် ခင်ခင်ကြီးအား လွတ်ထွက်သွားတတ်သည့်အရာအလား တင်းကျပ်စွာ ဖက်ထားသည်။ စိုးရိမ်တကြီး ရင်ခွင်တွင် ကပ်ထားသည်။

“ခင်ကြီးဟာ လူ့ဘဝမှာ နေဖို့ကောင်းသေးရဲ့လားဟင်။ ခင်ကြီးနဲ့ လူ့ဘဝ တန်သေးရဲ့လား မေမေ။ ဒီလောက် ဒုက္ခ၊ သုက္ခတွေရောက်ရတဲ့ လူတစ်ယောက်ဟာ လူဆက်လုပ်ဖို့မကောင်းတော့ပါဘူး မေမေရဲ့။ ဒါကြောင့် သေချင်တာ။ ခင်ကြီးကို သေခွင့်ပေးလိုက်စမ်းပါ။ သေစမ်းပါရစေ”

“အို ... တော်ပါတော့ကွယ်။ သမီးမသေရဘူး။ ဘယ်တော့မှ မသေစေရဘူး”

ဦးအောင်ခန့်သည် ဇနီးနှင့်သမီးတို့၏ စကားများကို စူးစိုက်နားထောင်နေသည်။ သူ၏မျက်နှာမှာ စိတ်ဝေဒနာကို ပြင်းစွာ ခံစားရဟန်ရှိသည်။ သူ၏မျက်ဝန်းများမှာ စိုးရိမ်ပူပန်ခြင်း အရိပ်သဏ္ဌာန်လွှမ်းနေသည်။

“သမီး ....”

သူ၏အသံသည် လည်ချောင်းကို တိုးထွက်သွားသည်။

ခင်ခင်ကြီး ရေနံ့သာသို့ပြန်လည်ရောက်ရှိလာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် သည်သို့ ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

မမျှော်လင့်ဘဲ ဖခင်၏အသံကို ကြားလိုက်ရသဖြင့် ခင်ခင်ကြီး၏ကိုယ်မှာ ဆတ်ခနဲ ဖြစ်သွားသည်။ ဖခင်ဖြစ်သူ၏မျက်နှာကို လှမ်းကြည့်လိုက်သည်။

“ဖေဖေပြောပါဦးမယ် သမီး”

ဦးအောင်ခန့်၏အသံသည် သိမ်မွေ့နေသည်။ ညင်သာနေသည်။ သူသည် သမီးဖြစ်သူ၏ ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အားပေးလိုက်သည်။

“အဖြစ်အပျက်တွေကို ဖေဖေကြားပြီးပြီ။ ဒီကိစ္စဟာ အားလုံးမှာတာဝန်ရှိတဲ့ အဖြစ်အပျက်၊ အားလုံးနဲ့သက်ဆိုင်တဲ့ အဖြစ်အပျက်။ ဖေဖေသိပြီ သမီး။ ဖေဖေတို့အားလုံး မှားခဲ့ကြတာကို သိပြီ။ စင်စစ် လူတွေမှာ ဆိုးရွားတဲ့အဖြစ်အပျက်ကို ဘယ်သူမှ မဖြစ်ချင်ကြဘူး။ ဘယ်သူမှ မလိုလားကြဘူး။ ဒါပေမဲ့ ဆိုးရွားတဲ့အဖြစ်အပျက်ဆိုတာ ဘယ်သူ့မှ မခေါ်ပေမဲ့ သူ့အလိုလိုရောက်လာတတ်တယ်။ ဘယ်သူ့မှ လက်မခံထားချင်ပေမဲ့ သူ့ဟာသူ နေနေတယ်။ ဒါကို ကံကြမ္မာလို့ လူတို့ခေါ်နေကြတယ်။ လူဟာ ကံပစ်ချတဲ့နေရာမှာ နေရတယ်လို့ စကားရှိတယ်။ ကြည့်စမ်းသမီး။ စစ်ဖြစ်နေတာကို ကြည့်စမ်း။ စစ်ကို ဘယ်သူက တောင့်တသလဲ။ ဘယ်သူက လိုချင်သလဲ။ သေလိုက်ကြတာ သောက်သောက်လဲ။ ပျက်စီးလိုက်တာတွေ ဒုန်နဲ့ ဒေး။ မွဲကြ၊ ငတ်ကြ၊ နာကြ၊ ကျင်ကြနဲ့။ ဘယ်လောက် လူတွေဒုက္ခရောက်ကြသလဲ။ ဒါကို ဘယ်သူက လိုချင်သလဲ။ ဖြစ်ချိန်တန်လာတဲ့အခါမှာ စစ်ဆိုတာ ဖြစ်လာတယ်။ လူတစ်ယောက် လူတစ်စုထဲကနေ၊ အခြေအနေတစ်ခုထဲကနေ အရှင်မွေး နေ့ချင်းကြီး ဆိုသလို ထဖြစ်တာမဟုတ်ဘူး။ အကြောင်းအမျိုးမျိုးတွေ ပေါင်းပြီးဖြစ်ကြရတာ။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း

နန္ဒာသိန်းဇံ

**အခန်း(၆)**

**ပုလဲကောင်းလိုသော် နက်နက်ငုပ်**

အသိပညာအမြော်အမြင်ကလည်း နည်းမယ်၊ စိတ်ဓာတ်ကလည်း ကျဆင်းမယ်၊ ဆန္ဒတွေက လည်း မပြင်းထန်ဘူးဆိုရင် ကြိုးစားမှုဝီရိယအား ဟာလည်း ကျဆင်းသွားမှာပဲ။

ဝီရိယဆိုတာ "ရဲရင့်ထက်မြက်ခြင်း"လို့ အနက် အဓိပ္ပာယ်ရတယ်။ တစ်စုံတစ်ခုသောအလုပ်ကို လုပ်တဲ့အခါမှာ ကိစ္စမပြီးမချင်း တွန့်ဆုတ်ခြင်း မရှိဘဲ လုပ်ကိုင်ခြင်းသဘောရှိတယ်၊ မတွန့်မဆုတ် ဘဲ ဝီရိယနဲ့ ထိုက်ထိုက်တန်တန်မကြိုးစားရင် ထိုက်တန်ရာကို ရဖို့မလွယ်ဘူးလို့ဆိုရမှာပဲ။ ပစ္စည်း ကောင်းကောင်းကိုလိုချင်ရင် တန်ဖိုးများများပေးရ တာလိုပဲ။ ထိုက်ထိုက်တန်တန် အောင်မြင်မှုကို ရချင်ရင် များများကြိုးစားမှုကို ပေးရမှာပဲ။

"ပုလဲကောင်းလိုသော် . . . နက်နက်ငုပ်"ဆိုတဲ့ စကားအတိုင်း ကောင်းကောင်းကိုလိုချင်ရင်၊ ကောင်းကောင်းမွန်မွန်ဘဝမျိုး ဖြစ်ချင်ရင် လေးလေးနက်နက်ကြီး ကြိုးစားရမှာပဲ။ အများကြီး ကြိုးစားရမှာပဲ။ အဲလ်ဘတ်ကမူး (Albert Camus) ဆိုတဲ့စာရေးဆရာဟာ ဘဝရဲ့စိတ်ပျက်ဖွယ်တွေ အကြောင်း အများအားဖြင့်ရေးတတ်ပေမယ့် တစ်နေရာမှာတော့ အားပေးတဲ့အနေနဲ့ ဖော်ပြထား တဲ့စကားတစ်ခုကို တွေ့ရတယ်။ ဘာလဲဆိုတော့ "ကြီးကြီးကျယ်ကျယ်ဖြစ်ဖို့ကတော့ ကြီးကြီး ကျယ်ကျယ်ကြိုးစားဖို့ပဲရှိတယ်၊ တခြားနည်းမရှိ ပါဘူး"တဲ့။ ဟုတ်ပါတယ်။ ကြီးကြီးကျယ်ကျယ် ဖြစ်ဖို့အတွက် ဖြတ်လမ်းမရှိပါဘူး။ ကြီးကြီး ကျယ်ကျယ်ပဲကြိုးစားရမှာပဲ။

မကြိုးစားဘဲနဲ့ လိုချင်ကာမျှ၊ ဖြစ်ချင်ကာမျှ ဆိုရင်တော့ လိုချင်ရာ၊ ဖြစ်ချင်ရာကို ရနိုင်၊ ဖြစ်နိုင် မှာ မဟုတ်ပါဘူး။

ဒါကို နီတိဆရာကြီးတွေက ...

"အမှုကိစ္စဟူသမျှတို့သည် ကြိုးစားအားထုတ် ခြင်းကြောင့်သာလျှင် အလိုရှိတိုင်း ပြီးစီးကြလေ ကုန်၏။ စိတ်သွားကာမျှဖြင့် (ဝါ) စိတ်ကြံကာမျှဖြင့် ပြီးစီးသည်မဟုတ်ကုန်။ ဥပမာအားဖြင့် တစ်အိပ် တည်းအိပ်၍သာနေသော ကေသရာဇာခြင်္သေ့ မင်းကြီး၏ခံတွင်းထဲသို့ သားသမင်တို့သည် အလကားဝင်၍ မလာကြကုန်"တဲ့။

ဒီနေရာမှာ ဗုဒ္ဓရဲ့စကားဟာလည်း မှတ်ဖို့ကောင်း ပါတယ်။ ဗုဒ္ဓက...

"လောကမှာ လူသတ္တဝါတွေ ရနိုင်ခဲ့တဲ့ လိုချင် စရာငါးမျိုးရှိတယ်၊ ဘာတွေလဲဆိုတော့....

၁။ လောကမှာ ကျန်းကျန်းမာမာနဲ့ အသက်ရှည် ကြာနေရတဲ့အဖြစ်မျိုးကို ရနိုင်ခဲ့တယ်၊ ဒီလိုရနိုင်ခဲ့တဲ့ ကျန်းမာအသက်ရှည်မှုကို လူသတ္တဝါတွေဟာ အလို ရှိတယ်၊ နှစ်သက်တယ်၊ မြတ်နိုးကြတယ်။

၂။ ရုပ်ရည်အဆင်း လှပတင့်တယ်တဲ့အဖြစ်မျိုး ကိုလည်း လောကမှာရနိုင်ခဲ့တယ်၊ ဒီလိုရနိုင်ခဲ့တဲ့ ရုပ်ရည်အဆင်း လှပတင့်တယ်တဲ့အဖြစ်မျိုးကို လူသတ္တဝါတွေ အလိုရှိတယ်၊ နှစ်သက်တယ်၊ မြတ်နိုးတယ်။

၃။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာစွာနဲ့ နေရတဲ့ အဖြစ်မျိုးကိုလည်း လောကမှာ ရနိုင်ခဲ့တယ်၊ ဒီလို ရနိုင်ခဲ့တဲ့ ကြွယ်ဝချမ်းသာစွာနေရတဲ့အဖြစ်မျိုးကို လူသတ္တဝါတွေဟာ အလိုရှိကြတယ်၊ နှစ်သက်ကြ တယ်၊ မြတ်နိုးကြတယ်။

၄။ အခြံအရံတွေနဲ့ သိုင်းသိုင်းဝန်းဝန်းနေရတဲ့ အဖြစ်မျိုးကိုလည်း လောကမှာရနိုင်ခဲ့တယ်၊ ဒီလို ရနိုင်ခဲ့တဲ့အခြံအရံတွေနဲ့ သိုင်းသိုင်းဝန်းဝန်းနေရတဲ့ အဖြစ်မျိုးကို လူသတ္တဝါတွေဟာ အလိုရှိကြတယ်၊ နှစ်သက်ကြတယ်၊ မြတ်နိုးကြတယ်။

၅။ နတ်ပြည်လောက နတ်ဘဝမျိုးကိုလည်း လောကမှာ ရနိုင်ခဲ့တယ်၊ ဒီလိုရနိုင်ခဲ့တဲ့ဘဝမျိုးကို လူသတ္တဝါတွေဟာ အလိုရှိကြတယ်၊ နှစ်သက်ကြ တယ်၊ မြတ်နိုးကြတယ်။ ဒါပေမဲ့ . . . ဒီလို လောကမှာ ရနိုင်ခဲ့တဲ့ လိုချင်စရာငါးမျိုးကို နှုတ်နဲ့ (ပါးစပ်ကနေ... ရချင်လိုက်တာ) လို့ တောင့်တနေကာမျှနဲ့တော့ မရနိုင်ဘူး။ စိတ်ကနေ "ငါရရင်ကောင်းမှာပဲ" လို့ တောင့်တကာမျှနဲ့လည်း မရနိုင်ဘူး။ ဒီလိုနှုတ်နဲ့ စိတ်နဲ့ တောင့်တနေရုံမျှနဲ့ ရမယ်ဆိုရင်တော့ လောက မှာ ပြည့်စုံသူတွေချည်းဖြစ်နေမှာပဲ။

ဒီတော့ အသက်ရှည်ခြင်းကို တကယ်လိုချင်၊ ရချင်ရင် အသက်ရှည်စေတဲ့အကျင့်ကို တကယ်ပဲ ကျင့်ကြံအားထုတ်ယူရမယ်။ သည်နည်းတူပဲ ရုပ်ရည် အဆင်းလှပတင့်တယ်ခြင်း၊ ကြွယ်ဝချမ်းသာခြင်း စတဲ့အရာတွေကိုလည်း တကယ်ရချင်၊ လိုချင်ရင် တကယ်ပဲရနိုင်တဲ့နည်းလမ်းကိုရှာပြီး ကြိုးစား အားထုတ်ယူရမယ်"တဲ့။

ဗုဒ္ဓအလိုတော်အရကတော့ ဖြစ်ချင်တာ၊ ရချင် တာ၊ လိုချင်တာကို စိတ်ကူးယဉ်နေရုံမျှနဲ့၊ ဆုတောင်း နေရုံမျှနဲ့မဖြစ်နိုင်၊ မရနိုင်ဘူး။ နှုတ်က ဖြစ်ချင်လိုက် တာ၊ လိုချင်လိုက်တာ ဆိုနေရုံမျှနဲ့လည်း မဖြစ်နိုင်၊ မရနိုင်ဘူး။ တကယ်ဖြစ်ချင်တာ၊ လိုချင်တာ၊ ရချင် တာကို ဖြစ်နိုင်ရနိုင်တဲ့နည်းလမ်းနဲ့ လုံ့လထုတ်ပြီး တကယ်တမ်းကြိုးစားယူရမယ်လို့ ဆိုလိုတယ်။

ကြိုးစားရင်ဖြစ်မယ်ဆိုတာ ကျွန်တော်တို့ သိတော့အသိသား၊ "ကောင်းတာလုပ်ဖို့အတွက် အစ ပြုခြင်းသည် မည်သည့်အခါမျှ စောသည်ဟူ၍မရှိ" ဆိုတဲ့စကားကိုလည်း သဘောပေါက်ပါရဲ့။ ဒါပေမဲ့ ဝီရိယအားနည်းတော့ လုပ်ရမှာကို စပဲမစဖြစ်နိုင်ဘူး။ တွေတွေဝေဝေကြီး ဖြစ်ဖြစ်နေမိတတ်တာပဲ။ အချိန် တွေကို ဟိုရွှေ့ဒီရွှေ့နဲ့ ရွှေ့နေမိပြန်တယ်။ သွားရမယ့် ခရီး၊ တက်လှမ်းရမယ့်ခရီးကို မသွားမိ၊ မတက်လှမ်းမိ ဖြစ်နေပြန်တယ်။ အဲ. . . မလှမ်းမတက်မိတော့လည်း ရှေ့ကိုမရောက်တာဘဲ အဖတ်တင်တယ်။ ညည်းညူ တွေဝေခြင်းတွေထဲမှာပဲ တဝဲဝဲလည်ဖြစ်ပြီး အချိန် ကုန်နေတာပဲရှိတယ်။ ဒီတော့... "အဝေးဆုံးခရီးရဲ့အစ ဟာ ပထမခြေလှမ်းဖြစ်တယ်" ဆိုတဲ့စကားကို သတိ ပြုပြီး ခြေလှမ်းစလှမ်းရမှာပဲ။ တစ်လှမ်းလှမ်းမိတယ် ဆိုရင်ပဲ တစ်လှမ်း ပန်းတိုင်နဲ့နီးသွားပြီလို့ ဆိုရမှာပဲ။ ဘာမျှမလုပ်ဘဲ ဝီရိယလျော့နေတာထက်တော့ သာသွားမှာပဲလို့ ဆိုရမှာပဲ။

ဒီနေရာမှာ စိန့်ပေါလ် St. Paul ပြောတဲ့စကား တစ်ခုကို သတိရပါတယ်။ သူက "ငါလုပ်မယ်လို့ ကြံထားတာတွေကိုတော့ မလုပ်ဖြစ်ဘူး၊ မလုပ်ဘူးလို့ ဆုံးဖြတ်ထားတာတွေကိုတော့ လုပ်ဖြစ်တယ်"တဲ့။ ဒါသူက သူ့ကိုယ်သူနှိမ့်ချပြီးပြောတာပါ။

သူပြောတာဟုတ်တယ်။ အကျိုးရှိတာ မွန်မြတ် တာကို လုပ်ရကောင်းမှန်း တော်တော်တန်တန် ကျွန်တော်တို့သိပါရဲ့။ လုပ်မယ်လို့လည်း စိတ်ကူးမိ ပါရဲ့။ ဒါပေမဲ့ ဝီရိယအားနည်းတော့ မလုပ်ဖြစ်နိုင်ဘူး။ ဒါပေမဲ့မလုပ်သင့်ဘူး၊ အကျိုးမရှိဘူး၊ မမွန်မြတ်ဘူး ဆိုတဲ့အလုပ်မျိုး၊ အပြောမျိုး၊ အတွေးမျိုးကို တော့ လုပ်မိ၊ ပြောမိ၊ တွေးမိတာပဲ။ ဒါနဲ့ ပတ်သက် ပြီး မြန်မာဘုန်းတော်ကြီးတစ်ပါး ပြောပြတဲ့စကား တစ်ခုကိုလည်း အမှတ်ရတယ်။ သူက "ကောင်းတာ လုပ်ဖို့ကျတော့ လူတွေက ချက်ချင်းစမလုပ်နိုင်ဘူး၊ နေ့ကောင်းရက်သာတွေ ရွေးနေရတယ်ကိုး၊ မကောင်းတာလုပ်ဖို့ဆိုရင်တော့ ရက်မရွေးတော့ ဘူး။ မကောင်းတာပြောရမှာ၊ မကောင်းတာ တွေးရ မှာကို ပြောဖို့၊ တွေးဖို့ဆိုရင် ပိုလို့တောင်မြန်သေး တယ်။ ဘာကြောင့်ဆိုတော့ အချိန်မရွေးပြောမိနေ၊ တွေးကြံမိနေလို့ပဲ"တဲ့။

ဟုတ်ပါတယ်။ ကျွန်တော်တို့တွေဟာ ဝီရိယ အား၊ လုံ့လအားနည်းတော့ ပြုသင့်တာ၊ ပြုရမှာကို မပြုဖြစ်။ မပြုသင့်တာ၊ မပြုရမှာကိုတော့ ပြုဖြစ်၊ မလုပ်သင့်တာ၊ မလုပ်ရမှာကို လုပ်ဖြစ်၊ လုပ်သင့် တာ၊ လုပ်ရမှာကိုတော့ မလုပ်ဖြစ်နဲ့ အကျိုးမဲ့တွေ ဖြစ်ရတာပဲ။ ဝီရိယနည်းမှု၊ တွေဝေမှု၊ ထိုင်းမှိုင်းမှု တွေကြောင့်ပဲ အသိအမြင်အဆင်ခြင်တွေဟာလည်း ထက်မြက်စူးရှခြင်းမရှိတော့ဘဲ အပြုမှား၊ အလုပ် မှားတွေ ထပ်ဖြစ်ပြန်တယ်။

တချို့က ကြိုးစားတော့ ကြိုးစားပါရဲ့၊ လုံ့လ ထုတ်ပါရဲ့၊ ဒါပေမဲ့ မအောင်မြင်တဲ့အခါမှာ ကိုယ် ထုတ်တဲ့လုံ့လ မှုမမှန်တာကို မသိမမြင်ဘဲ "ငါလုပ် ပါလျက်နဲ့၊ ဒီလောက်ကြိုးစားပါလျက်နဲ့ မအောင် မြင်တာဟာ ကံမကောင်းလို့"ဆိုပြီး ကံကြမ္မာအပေါ် အပြစ်ပုံပြန်တယ်။ ကံကြမ္မာအပေါ် အပြစ်မပုံရင် လည်း တခြားသူတွေ တခြားအခြေအနေတွေအပေါ် အပြစ်ပုံမိတတ်တာပဲ။ လုပ်ပေမယ့်၊ ကြိုးစားပေ မယ့် မအောင်မြင်တာဟာ လုံလောက်တဲ့ ဝီရိယ စိုက်ထုတ်မှုမျိုးဖြစ်ဖို့ အချိန်လိုနေသေးတာလည်း ဖြစ်နိုင်တယ်။ ခုရေတွင်းတူး၊ ခုရေကြည်သောက် ဆိုတာမျိုးတော့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ လုံလောက်တဲ့ ဝီရိယမျိုးကိုရောက်အောင် မှန်မှန်ကြီးမလျှော့တမ်း ကြိုးစားသွားရမှာပဲ။ လုံလောက်တဲ့အချိန်ကိုရောက် ရင် အောင်မြင်မယ်လို့ ယူဆထားရမှာပဲ။ သစ်ပင် ပွင့်ဖူးနေရတုန်းအချိန်မှာ အသီးကိုစားချင်လို့ ဘယ်ဖြစ်နိုင်ဦးမှာလဲ။ "We cannot eat the fruit while the tree is in blossom" ဆိုတဲ့ စကားအတိုင်း အသီးစားချင်ရင် အသီးသီးချိန်ရောက်အောင်၊ ရင့်မှည့်ချိန်ရောက်အောင်စောင့်မှ အသီးစားရတာ လို အောင်မြင်ချင်ရင် အောင်မြင်နိုင်တဲ့အချိန်ရောက် တဲ့အထိ လုံလောက်တဲ့ဝီရိယကို စိုက်ထုတ်လာရ မှာပဲ။

**(ဆက်လက်ဖော်ပြပါမည်)**

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**ယုံကြည်မှုကြီးကြီးရှိပါစေ**

"ယုံကြည်ခြင်းတည်းဟူသော သဒ္ဒါ စိတ်ဓာတ်သည် သဘာဝဓမ္မ၏ အသက် သွေးကြောဖြစ်၍ သတ္တဝါတို့၏စိတ်ကူးကို လှုပ်ရှားနိုးကြားခြင်းအဖြစ်သို့ ရောက်စေ နိုင်၏။"

**စာရေးဆရာကြီးရွှေဥဒေါင်း**
**(၁၈၈၉-၁၉၇၃)**

"အားတက်ရွှင်မြူး စိတ်ဓာတ်ဟာ ဖိတ်သ် ခေါ် ယုံကြည်မှုဆီသို့ နီးကပ်စွာ ဝင်ရောက်နိုင်ပြီး အလုပ်မစတင်မီကပင် သင်ဟာ အောင်မြင်မှုကို ရရှိနိုင်သည်ဖြစ် လေပြီ" ဟူ၍ ကမ္ဘာကျော်သံမဏိသူဌေး ကြီး အင်ဒရူးကာနယ်ဂျီ၏ အဖိုးတန် စကားအဖြစ်မှတ်သားဖူးပါသည်။




ယုံကြည်မှုနှင့်ပတ်သက်၍ ကမ္ဘာ ကျော် ထင်ရှားသည့်ပုဂ္ဂိုလ်ကြီးများအပါ အဝင် ပြည်တွင်း၊ ပြည်ပမှ ထင်ရှား ကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးများ၏ မှတ်သားဖွယ်ရာ၊ အတုယူဖွယ်ရာစကား များ မြောက်မြားစွာရှိပေသည်။

အဓိကအားဖြင့် မိမိ၏ယုံကြည်မှု သည်သာ အရေးအပါဆုံးဖြစ်သည်။

မိမိကိုယ်မိမိ ယုံကြည်မှုစွမ်းအား ဘယ်လောက်ထားရှိသနည်း၊ မိမိကိုယ်မိမိ ယုံကြည်နိုင်သည့်စွမ်းအား ဘယ်ရွေ့ ဘယ်မျှရှိနေသနည်း။ မိမိကိုယ်မိမိ ယုံကြည်မှုပြင်းအားသည် ဘဝမှာ အောင်မြင်မှု၏ အခရာသာဖြစ်ပေသည်။

"ထင်ထင်ရှားရှား အောင်မြင်ထမြောက် မှုကို ရရှိသွားကြတဲ့ပုဂ္ဂိုလ်တွေဟာ မွေးဖွားလာကတည်းကိုက သူတို့မှာ ထူးထူးခြားခြားသိရှိနိုင်စွမ်းတဲ့ အသိ ဉာဏ်ပါလာတယ်။ သူတို့အသိဉာဏ်မျိုး က အခြားသူတွေမှာတော့ ပါရှိမလာဘူး ရယ်လို့ လူအများထင်မှားစွာယူဆလေ့ ရှိကြတယ်" ဟု ကမ္ဘာကျော်သံမဏိ သူဌေးကြီး အင်ဒရူးကာနယ်ဂျီက ပြောဖူးသည်။

လူဟူသည်ကား တစ်ဦးနှင့်တစ်ဦး များစွာကွာခြားမှုမရှိကြပေ။ တစ်ဦးချင်း စီ၏ မတူညီသောစိတ်ထား၊ မတူညီသော ယုံကြည်မှု၊ မတူညီသောကြိုးစားမှုတို့ ကြောင့်သာ ဘဝတစ်လျှောက်မှာ အောင်မြင်မှု၊ ချမ်းသာကြွယ်ဝမှုတို့ ကွာခြားသွားရခြင်းပင်။

သို့ဖြစ်၍ ယနေ့မျိုးဆက်သစ်လူငယ် လူရွယ်များနှင့် အောင်မြင်ကြီးပွားချမ်းသာ လိုသူတိုင်းသည် မိမိကိုယ်မိမိ ယုံကြည်မှု တည်ဆောက်နိုင်ရမည်ဖြစ်သည်။

ထိုယုံကြည်မှုသည် ကြီးကျယ်မြင့်မား ရမည်။

ယုံကြည်မှုတည်ဆောက်ရာတွင် မိမိ၏ စိတ်တန်ခိုးက အဓိကကျပေသည်။ အောင်မြင်ရမည်။ ကြီးပွားရမည်ဟူသည့် စိတ်စွမ်းအားဖြင့် ဖြစ်ကိုဖြစ်ရမည်ဟူသော ယုံကြည်မှုကို တည်ဆောက်နိုင်ရပေမည်။ သို့မှသာ ခိုင်မာသည့်ယုံကြည်မှုကြောင့် အောင်မြင်ကြီးပွားစေရန် ကြိုးစားမှုကို တွန်းအားပေးမည့် စိတ်တန်ခိုး၊ စိတ် အင်အားက ပေါ်ပေါက်လာမည်ဖြစ်သည်။

"စိတ်၏အင်အားဆိုတာ အင်မတန်ကိုပဲ ကြီးမားပေတယ်။ ဘယ်လောက်အထိ ကြီးမားသလဲဆိုရင် အကန့်အသက်မရှိ အောင်ကိုပဲ ကြီးမားပေတယ်"

ကမ္ဘာကျော် သံမဏိသူဌေးကြီး၏ ပြောကြားခဲ့ဖူးသည့်စကားပင်။

ယင်း ကမ္ဘာကျော်သံမဏိသူဌေးကြီး အင်ဒရူးကာနယ်ဂျီသည်ပင်လျှင် သူဌေး ဘဝမရောက်ခင်က ချည်ငင်ရစ်ရသော အလုပ်၊ ဘွိုင်လာအိုးမီးထိုးရသောအလုပ်၊ ကြေးနန်းစာပို့သမားအလုပ်တို့ကို ပင်ပန်း ဆင်းရဲခံကာ လုပ်ကိုင်ရင်း ယုံကြည်မှုကို အရင်းတည်ကာ ဘဝကို ကြိုးစား ဖြတ်သန်းခဲ့ရကြောင်း မှတ်သားဖူးပါ သည်။

မည်သို့ပင် မည်သည့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရသည် ဖြစ်သော်လည်း "အောင်မြင်ချမ်းသာကြွယ်ဝမှု ရရှိရမည်" ဟူသည့်ရည်မှန်းချက်ထားကာ မိမိကိုယ် ကိုယုံကြည်မှု တည်ဆောက်နိုင်ခဲ့ခြင်း ကြောင့် အင်ဒရူးကာနယ်ဂျီသည် ကမ္ဘာ ကျော် သံမဏိသူဌေးကြီးဘဝကို ပိုင်ဆိုင် ခဲ့ရခြင်းဖြစ်ပေသည်။

ယင်းသည် ယုံကြည်မှုကြီးကြီးရှိမှု ကြောင့်ပင်။

ဤသည်မှာ အားကျစရာ၊ အတုယူစရာ ဖြစ်စဉ်များဖြစ်သည့်အပြင် ယုံကြည်မှု ၏ တန်ခိုးအာနိသင်လည်းဖြစ်သည်။

မိမိကိုယ်မိမိ ယုံကြည်မှုက အရာရာ ကို လွှမ်းမိုးနိုင်ပြီး စိတ်စွမ်းအားကို မြှင့် တင်နိုင်ကာ လက်တွေ့လုပ်ဆောင်မှုများ အတွက် မဆုတ်မနစ်ကြိုးစားမှုကို ကျားကန်ထောက်ပံ့မှု ဖြစ်စေသည်။

# ပျော်ရွှင်သူဖြစ်ချင်သလား

မောင်ထူးချွန်

လောကမှာ လူတိုင်းဟာ ပျော်ရွှင်သူပဲ ဖြစ်ချင်ကြမှာပါပဲ။

မောင်တို့ မယ်တို့အပါအဝင် လူတိုင်းလူတိုင်းမှာ ပျော်ရွှင်နိုင်ခွင့်ရှိကြတာပါပဲ။ ပျော်ရွှင်ဖို့အလားအလာတွေလည်း ရှိနေတာပဲ။ ပျော်ရွှင်မှုက လူ့ဘဝအတွက် အရေးပါလှတယ်မဟုတ်လား။

ပျော်ရွှင်မှုကို လူသားတိုင်း မျှော်လင့်တောင့်တကြတယ်။ လိုလားကြတယ်။ ဘဝတစ်လျှောက်လုံးမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းချင်ကြတာပါပဲ။ သို့ပေမယ့် မိမိရဲ့ဆန္ဒ၊ မိမိရဲ့အတွေး၊ မိမိရဲ့အတ္တတွေကြောင့်သာ ပျော်ရွှင်မှုတွေ ဆုံးရှုံးကြရတာမျိုးတွေတော့ ရှိတတ်ကြတာပေါ့။ အရာအားလုံးဟာ မိမိကြောင့်ပဲဖြစ်ရတာ။ ဘယ်သူမပြု မိမိမှုပဲပေါ့။


“လူတော်တော်များများ အများစုဟာ သူတို့စိတ်ကို ထားတတ်ရင် ထားတတ်သလို ပျော်ရွှင်ကြတာပါပဲ” အမေရိကန်ပြည်ထောင်စုရဲ့ ၁၆ ဦးမြောက်သမ္မတဖြစ်တဲ့ အေဘရာဟမ်လင်ကွန်း (၁၈၀၉-၁၈၆၅) ပြောကြားခဲ့တဲ့ မှတ်သားစရာစကားပေါ့ကွယ်။

မိမိရဲ့ပျော်ရွှင်မှုအတွက် မိမိရဲ့ စိတ်ထားတတ်မှုအပေါ် မူတည်တယ်လို့ ဆိုထားတာဖြစ်လို့ မောင်တို့မယ်တို့ လူငယ်လူရွယ်တွေအနေနဲ့ ဘဝတစ်လျှောက်မှာ ပျော်ရွှင်သူဖြစ်ချင်တယ်ဆိုရင် မိမိတို့ရဲ့စိတ်ကို ထားတတ်အောင် အလေ့အကျင့်လုပ်ပေးရမှာဖြစ်တယ်။

ပျော်ရွှင်မှုနဲ့ပတ်သက်ပြီး ကမ္ဘာကျော်အဆိုအမိန့်တွေ၊ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေရဲ့ စကားတွေ၊ လမ်းညွှန်မှုတွေ၊ အများကြီးရှိပါတယ်။ အဲဒီအများကြီးထဲကမှ မိမိနဲ့အံဝင်ခွင်ကျမယ့်အချက်တွေကို ရွေးချယ်ကာမှတ်သားနာယူကြဖို့ပဲ လိုတာပါ။ အားလုံးကို ခြုံကြည့်လိုက်မယ်ဆိုရင်တော့ အဓိကအရေးပါတာက မိမိရဲ့စိတ်ပဲဖြစ်တယ်။ စိတ်ကသာ ရှေ့ဆောင်လမ်းပြမှုဖြစ်ပြီး စိတ်ထားတတ်မယ်ဆိုရင် ပျော်ရွှင်မှုဆိုတာအလိုလိုရရှိလာမှာပါပဲ။

“မိမိမှာရှိတဲ့အရာတွေကို တန်ဖိုးသိပြီး တန်ဖိုးထားထားမှ ပျော်ရွှင်မှုနဲ့အောင်မြင်မှုကို ရပါလိမ့်မယ်”။

ဆရာကျော်ကျော်လှိုင်ရဲ့ “ပျော်ရွှင်ခြင်း”အမည်



နဲ့စာအုပ်မှာ ဖတ်မှတ်ဖူးတာလေးပါ။ အထူးမှတ်သားစရာအဖြစ်နဲ့ မှတ်သားထားတာကို မျှဝေလိုက်ရခြင်းလည်းဖြစ်ပါတယ်။

“လူတွေအပေါ် မြင်တဲ့အမြင်က မိမိရဲ့ပျော်ရွှင်မှုကို ဆုံးဖြတ်ပါတယ်” လို့လည်း ဆရာကျော်ကျော်လှိုင်က ရေးထားပါတယ်။

“မိမိကိုယ်မိမိမြင်တဲ့အတိုင်း ကျွန်တော်တို့ဘဝတွေဖြစ်လာပါလိမ့်မယ်” လို့လည်း ဆရာက သတိပေးထားပါသေးတယ်။

“အတွေးက သံလိုက်လိုပါပဲ။ ကိုယ့်အတွေးက တကယ်ဖြစ်လာပါတယ်တဲ့။ မှတ်သားစရာတွေ တော်တော်များများပါပဲ။ ဆရာကျော်ကျော်လှိုင်ရဲ့ “ပျော်ရွှင်ခြင်း” ဆိုတဲ့စာအုပ်မှာ ဖတ်ရတာတွေဖြစ်ပါတယ်။

မောင်တို့ မယ်တို့အတွက် မှတ်သားစရာတွေပဲပေါ့။

ဆရာကျော်ကျော်လှိုင်ရဲ့ “ပျော်ရွှင်ခြင်း” ဆိုတဲ့စာအုပ်ကိုလည်း ရှာဖွေဖတ်ရှုနိုင်မယ်ဆိုရင် ပိုပြီးထိရောက်တဲ့ အသိအမြင်တွေရလာမှာပဲပေါ့။

“ဘဝမှာ ပျော်ရွှင်မှုအပြည့်အဝနဲ့ နေထိုင်ပါ။ သင့်ရဲ့ပျော်ရွှင်မှုကိုလည်း ဘဝအတွက်မျှဝေပါ။ မိမိက ဘဝအတွက် ပျော်ရွှင်မှုကိုပေးဆပ်ရင် ဘဝကလည်း မိမိပေးဆပ်တဲ့ ပျော်ရွှင်မှုနဲ့ညီမျှတဲ့ ပျော်ရွှင်မှုသာမက ပိုလွန်တဲ့ပျော်ရွှင်မှုကိုပါ ထပ်လောင်းပြီးပြန်ပေးပါလိမ့်မယ်။ မိမိရဲ့ပျော်ရွှင်မှုကို မျှဝေခြင်းဟာ အရေးပါတဲ့ပညာရပ်ဖြစ်တယ်။ မိမိရဲ့ပျော်ရွှင်မှုကို မျှဝေဖို့တွန့်တိုခဲ့ရင် မိမိရဲ့ပျော်ရွှင်မှုဟာလည်း ယုတ်လျော့ကျဆင်းသွားပါလိမ့်မယ်။ ပျော်ရွှင်မှုဆိုတာ မိမိကမပေးသမျှ မိမိကိုယ်တိုင် ပျော်ရွှင်မှုတွေ ပျောက်ဆုံးနေပါလိမ့်မယ်။ မိမိက ပျော်ရွှင်မှုကို ပေးဝေနေသမျှ မိမိမျှော်မှန်းတာထက် အဆများစွာ ပျော်ရွှင်မှုတွေရရှိလာပါလိမ့်မယ်”။

ဆရာအောင်သစ်ဘာသာပြန်တဲ့ “ပျော်ရွှင်မှုနဲ့ဘဝအောင်မြင်ရေး”စာအုပ်ကို ဖတ်ရှုရခြင်းအားဖြင့် တန်ဖိုးရှိတဲ့ မှတ်သားစရာများအဖြစ် မှတ်သားထားမိတာတွေပါပဲ။

မောင်တို့ မယ်တို့အတွက် စာဖတ်ခြင်းမှရရှိထားတဲ့သုတတွေကို မျှဝေလိုက်တာပါပဲကွယ်။

ရှိပါသေးတယ်။ ဘာသာပြန်ဆရာတွေ များစွာရှိတဲ့အထဲက စွဲလမ်းမိတဲ့စာရေးဆရာတွေရဲ့ တန်ဖိုးရှိသောစာအချို့ကို လက်ဆင့်ကမ်းမျှဝေတဲ့သဘောပဲပေါ့ကွယ်။

ဆရာအောင်လှိုင် မြန်မာပြန်တဲ့ “ပျော်ရွှင်ခြင်းသင့်အတွက်ပါ” ဆိုတဲ့စာအုပ်မှာပါရှိတဲ့ ပျော်ရွှင်မှုနဲ့ ပတ်သက်တဲ့ အကြောင်းအရာအချို့ကိုလည်း ထုတ်နုတ်ပေးလိုက်ပါတယ်။

ပျော်ရွှင်ခြင်းနဲ့ပတ်သက်လို့ ပညာရှင်တွေရဲ့ သုတေသနပြုချက်အရ လူမှုဗေဒ၊ ဒဿနိကဗေဒ၊ စိတ်ပညာစတဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်ဆက်စပ်နေတာ လေ့လာတွေ့ရှိခဲ့ရပါတယ်။

၁၈ ရာစုမှာ လူသားတွေရဲ့သမိုင်းတစ်လျှောက် ဒဿနိကဗေဒပညာရပ်ဟာ တော်တော်ထွန်းကားလာခဲ့တယ်။ ၁၉ ရာစုမှာ လူတွေတစ်ဦးချင်းရဲ့ ကိုယ်ကျင့်တရားဟာ တိုးတက်ကောင်းမွန်လာတာနဲ့အမျှ လူ့အသိုင်းအဝိုင်းအတွင်း ပျော်ရွှင်မှုများထွန်းကားစေခဲ့တယ်တဲ့။ ၂၀ ရာစုမှာ ပျော်ရွှင်မှုတွေ လျော့ပါးပျောက်ကွယ်သလောက် ဖြစ်ခဲ့သတဲ့။ လူသားတစ်ဦးနဲ့တစ်ဦး အပြန်အလှန်ဖေးမကူညီခြင်း၊ လူလူချင်းစာနာထောက်ထား ကိုယ်ချင်းစာတရားထားရှိခြင်းတို့ဘက်မှာ အားနည်းလာတဲ့အတွက်ကြောင့် တစ်ကိုယ်တော်ကောင်းစားရေးဝါဒီများသာ များပြားလာတာတွေ့ရတယ်လို့ဆိုတယ်။

ခေတ်သစ်စိတ်ပညာ ပေါ်ပေါက်လာပြီးနောက် လူ့အသိုင်းအဝိုင်းအတွင်းမှာ ပျော်ရွှင်မှုထွန်းကားရေးကို များစွာအထောက်အကူပြုခဲ့တယ်တဲ့။

ပုဂ္ဂိုလ်တစ်ဦးရဲ့ပျော်ရွှင်ခြင်းဆိုတာ ပြင်ပလောကနဲ့ ဆက်ဆံရေးအဆင်ပြေမှုက အရေးပါတာမှန်သော်လည်း သူ့ရဲ့အပြုအမူ၊ အနေအထိုင်၊ ကိုယ်ကျင့်တရား၊ လုပ်ရပ်တွေနဲ့လည်း သက်ဆိုင်မှုတည်ကြောင်း တွေ့ရတယ်လို့ဆိုတယ်။

ပျော်ရွှင်မှုနဲ့ စိတ်ချမ်းမြေ့စရာဖြစ်စဉ်တွေ စဉ်ဆက်မပြတ်ကြုံတွေ့ဖို့ဟာ ကိုယ်ကျင့်တရားကောင်းမွန်ဖို့ အဓိကကျတယ်။ ပျော်ရွှင်မှုနဲ့ပတ်သက်လို့ စနစ်တကျချဉ်းကပ်သုံးသပ်ပြထားတဲ့ စာအုပ်ပါပဲ။

စိတ်ပျော်ရွှင်ချမ်းမြေ့ရေးဟာ အရေးကြီးလှတယ်။ ကောင်းတဲ့ဓလေ့စရိုက်များ၊ ချစ်ခင်လေးစားမှု၊ စာနာမှု၊ ကြင်နာမှု၊ ခွင့်လွှတ်သည်းခံမှုတွေ ရှိတတ်ဖို့လိုအပ်ကြောင်း သုံးသပ်ဖော်ပြထားတယ်။ ဖတ်ရကျိုးနပ်တဲ့ စာအုပ်တစ်အုပ်လည်းဖြစ်ပါတယ်။

ပျော်ရွှင်မှုနဲ့ပတ်သက်တဲ့ အတွေးအမြင် အယူအဆတွေပါပဲ။ ကမ္ဘာကျော်စာရေးဆရာတွေရဲ့ အတွေးအမြင်တွေကို ဘာသာပြန်ရေးပေးခဲ့ကြတဲ့ မြန်မာစာရေးဆရာတွေရဲ့ ကျေးဇူးကြောင့်သာ လွယ်လင့်တကူသိခွင့်ရကြရတာ ကျေးဇူးကြီးမားလှပါပေတယ်။ အဆင်သင့်ဖတ်လို့မှတ်လို့ရအောင် စာအုပ်အဖြစ်ထုတ်ဝေပေးကြတဲ့ စာအုပ်တိုက်တွေကိုလည်း ကျေးဇူးတင်ရမှာပါပဲ။

မောင်တို့ မယ်တို့တစ်တွေအနေနဲ့ စာပေကို ဖတ်ရှုကြရမှာဖြစ်ပါတယ်။

စာဖတ်ခြင်းက ပျော်ရွှင်မှုကိုပေးပါတယ်။ အသိပညာ၊ အလိမ္မာ၊ ယဉ်ကျေးမှု၊ ဗဟုသုတစတာတွေကိုလည်း ပေးပါတယ်။

ကဲ- မောင်တို့ မယ်တို့ ပျော်ရွှင်သူဖြစ်ချင်သလား။

အလွယ်လေးပါ။ စာများများဖတ်ပါ။ စာဖတ်ခြင်းကနေ ပျော်ရွှင်မှုကိုဖြစ်စေတဲ့ အနှစ်သာရတွေ၊ လိုက်နာရမယ့်နည်းနာတွေ၊ ကျင့်ဆောင်ရမယ့်အမူအကျင့်တွေကို လက်တွေ့ကျင့်သုံးလုပ်ဆောင်ကြမယ်ဆိုရင် ဘဝတစ်လျှောက်မှာ ပျော်ရွှင်သူ၊ အောင်မြင်တိုးတက်ကြီးပွားသူ ဖြစ်လာမှာ အမှန်ပဲပေါ့ကွယ်။ ။

■

---

“ယုံကြည်ခြင်းတည်းဟူသော သဒ္ဒါစိတ်ဓာတ်သည် သဘာဝဓမ္မ၏ အသက်သွေးကြောဖြစ်၍ သတ္တဝါတို့၏စိတ်ကူးကို လှုပ်ရှားနိုးကြားခြင်းအဖြစ်သို့ ရောက်စေနိုင်၏။” ဟူ၍ ဆရာကြီး ရွှေဥဒေါင်းက “ယုံကြည်ခြင်း” နှင့် ပတ်သက်ကာ ရေးသားခဲ့ကြောင်း မှတ်သားဖူးပါသည်။

“ ထိုသဒ္ဒါစိတ်ဓာတ်ကို အမှီပြု၍ စိတ်ကူးတို့သည် အသွေးကြော၊ အညွှန့်၊ အတက်များ ဝေဝေဆာဆာ ပေါက်လာနိုင်ကြကုန်၏။ ယုံကြည်ခြင်းတည်းဟူသော သဒ္ဒါစိတ်ဓာတ်သည် စီးပွားဥစ္စာပေါများကြွယ်ဝခြင်း၏လမ်းစကြီးဖြစ်သည်။”

ဟုလည်း ဆရာကြီးရွှေဥဒေါင်းက လမ်းပြညွှန်းဆိုရေးသားထားပေရာ ယုံကြည်မှုသည် ကြီးပွားချမ်းသာနိုင်မှုအတွက် အဓိကအချက်ဖြစ်ပြီး အရေးပါလှပေသည်။

ထို့ကြောင့် မျိုးဆက်သစ်ယနေ့လူငယ်၊ လူရွယ်များနှင့် ဘဝကိုအောင်မြင်အောင်၊ ကြီးပွားချမ်းသာအောင် တည်ဆောက်လိုကြသူများအနေဖြင့် ပြည်တွင်းပြည်ပမှ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ၏ အဖိုးတန်စကားများကို မှတ်သားနည်းယူကာ လိုက်နာကျင့်ဆောင်ကြမည်ဆိုလျှင် မသွေမုချကြီးပွားချမ်းသာလာမည် ဖြစ်ပေတော့သည်။ ။

---

# သင့်ကိုယ်သင် ဇာတ်လမ်းတစ်ပုဒ် ဖတ်ပြပါ

အောင်မြတ်စည်သူ

အေဗရာဟမ်လင်ကွန်းသည် သူ၏ဥပဒေလုပ်ငန်း လုပ်ဖော်ကိုင်ဖက်များကို ရှုးလောက်အောင်လုပ်လေ့ရှိခဲ့သည်။ သူသည် နေ့စဉ်နေ့တိုင်းပင် သူ့ရုံးခန်းထဲသို့ ဝင်ရောက်ပြီး နေ့စဉ်သတင်းစာကို ကျယ်လောင်စွာ သူဖတ်ပြလေ့ရှိခဲ့သည်။ သူ၏မိုးခြိမ်းသံတမျှ ကျယ်လောင်သံဖြင့် စာဖတ်နေသည်ကို တစ်ဖက်ခန်းမှသူတို့ ကြားပေမည်။

လင်ကွန်းသည် သူ၏နံနက်သတင်းစာကို ကျယ်လောင်စွာဘာကြောင့်ဖတ်ရှုခဲ့ပါသနည်း။ သူအသံတိတ်ဖတ်သည်ထက် အသံထွက်ဖတ်သည့်အခါတွင် နှစ်ဆမျှ အမှတ်ရထိန်းသိမ်းထားနိုင်စွမ်းရှိကြောင်း သူတွေ့ရှိခဲ့၍ဖြစ်သည်။ မှတ်မိသည့်အရာကိုလည်း ပို၍အချိန်ကြာမြင့်စွာ အမှတ်ရလေ့ရှိခဲ့သည်။ ဤသို့ဖြစ်ခြင်းမှာလည်း လင်ကွန်းသည် ဒုတိယအာရုံ-သောတအာရုံနှင့် ဒုတိယ လှုပ်ရှားမှုတစ်ရပ်-စကားပြောဆိုမှုကို အသုံးချနေခဲ့၍ သူ၏စာဖတ်မှုက သူ့မှတ်ဉာဏ်ထဲ ထိုမျှစွဲမြဲခြင်းဖြစ်ပေမည်။

သင့်အတွက် အရေးကြီးသောစာတစ်ခု ဖတ်စရာရှိပါလျှင် အသံထွက် ဖတ်ကြည့်ပါ။ သင့်မှတ်ဉာဏ် နှစ်ဆတိုးမတိုး ကြည့်ပါ။ သင်အမှတ်ရလိုသည့်အရာ၊ အနာဂတ်တွင် ပြန်အမှတ်ရလိုသည့်အရာတစ်ခုကို တွေ့ခဲ့လျှင် အသံထွက်ဖတ်ပါ။

ကျွန်တော်သိရှိရသမျှ အအောင်မြင်ဆုံးစီးပွားရေးလုပ်ငန်း အတိုင်ပင်ခံ ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ စတိဗ်ဟာရီဆန်သည် သူအောင်မြင်ရသည့်အကြောင်းတစ်ရပ်သည် သူငွေကြေးတစ်ပြားတစ်ချပ်မျှမရှိ၊ သူဘယ်ကိုသွားချင်မှန်းရေးရေးပင်မသိခဲ့သည့် ရုန်းကန်နေသည့်လူငယ်ဘဝတွင် ဖြစ်ခဲ့သည်ဟုဆိုသည်။ တစ်နေ့တွင် သူသည် နပိုလီယံဟီးလ်၏ ရောမစာအုပ်ကြီး Law of Success ကို တွေ့ရှိပြီး တစ်အုပ်လုံးကို အသံထွက်ဖတ်ရှုခဲ့သည်။

ကျွန်တော့်အနေဖြင့် အသံထွက်ဖတ်ရှုရန် အနှစ်ခြိုက်ဆုံးစာမှာ အော့မန်းဒီနို၏ The Greatest Salesman in the world စာအုပ်မှ အခန်း-၁၆ ပင်ဖြစ်သည်။ အောက်တွင် ယင်းမှအပိုဒ်တစ်ပိုဒ်ကို တင်ပြထားပါသည်။ ယင်းကို သင့်စိတ်ထဲမှ ဖတ်ရှု၍ရပါသည်။ သို့သော် သင့်စိတ်ဓာတ် တကယ်တက်ကြွအားပြည့်စေလိုပါလျှင် ကျန်စာမျက်နှာကိုမှတ်သားပြီးနောက် တစ်ယောက်တည်းရှိနေသောအခါတွင် လင်ကွန်းကဲ့သို့ အသံထွက်ဖတ်ရန် ကျွန်တော်အကြံပြုလိုက်ပါသည်။

“ငါ အခုလုပ်မယ်၊ ငါ အခုလုပ်မယ်၊ ငါ အခုလုပ်မယ်” ရှေ့လျှောက် ဤစကားတို့ကို ကျွန်တော်အထပ်ထပ်အခါခါ နာရီတိုင်း နေ့တိုင်း နေ့စဉ်ဆိုရွတ်ပါမည်။ ဤစကားလုံးများ ကျွန်တော်အသက်ရှူသည့် အကျင့်တမျှသက်ဝင်မှုရှိသည်အထိ နောက်ဆက်ပြုသောအလုပ်သည် မျက်တောင်ခတ်သမျှ အလိုအလျောက်ဖြစ်လာသည်အထိ ရေရွတ်ပါမည်။ ဤစကားလုံးများဖြင့် ကျွန်တော်သည် ကျွန်တော့်စိတ်ကိုကျွန်တော် အောင်မြင်မှုအတွက် လိုအပ်သမျှ အရာရာကိုပြုအောင် ပုံစံသွင်းနိုင်သည်။ ဤစကားလုံးများဖြင့် ကျွန်တော့်စိတ်ကို စိန်ခေါ်ချက်အရပ်ရပ်ကို ရင်ဆိုင်အောင် ပုံသွင်းနိုင်သည်။

Ref: Tell you a story yourself by Steve Chandler

# မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၂၄**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီး ဌာနကကြီးမှူး၍ မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက မော်လမြိုင်မြို့ ဖက်တန်းရပ် ပြည်နယ်အားကစားခန်းမ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် အဖွဲ့သည် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းမှ ဆုရရှိသည့် ပြိုင်ပွဲဝင်အသင်းများ၏ ငါးဦးအလိုက်၊ သုံးဦးအလိုက်နှင့် တစ်ဦးချင်းအလိုက် ကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) သရုပ်ပြမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ မြို့နယ်များအလိုက် တစ်ဦးချင်းပြိုင်ပွဲ၊ အသင်းလိုက် သုံးဦးပြိုင်ပွဲ၊ အသင်းလိုက် ငါးဦး ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများနှင့် အမှတ်အများဆုံး တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများကို ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ် အမျိုးသမီး အားကစားအဖွဲ့နာယကနှင့် ပြည်နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌတို့က ငွေသားဆုနှင့် ဆုတံဆိပ်များ အသီးသီး ချီးမြှင့်ကြသည်။

မွန်ပြည်နယ်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက် ပေးလျက်ရှိသကဲ့သို့ အားကစားကွင်းနှင့် အားကစားဥယျာဉ်များ တည်ဆောက် ပေးကာ လူငယ်နှင့်အားကစားကဏ္ဍကို အထူးအလေးပေး ပံ့ပိုးကူညီ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



❖ **ချယ်လ်ဆီးမှ**



အဲဒါကြောင့် ချယ်လ်ဆီး အသင်းဟာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးပြတ်နဲ့ စပါးအသင်းကို အနိုင် ရရှိပြီး ကာရာဘောင်ဖလားနောက် ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့် ရရှိ ခဲ့တာဖြစ်ပါတယ်။ အခုပရီမီယာလိဂ် ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ စပါး အသင်းကို ဆက်လက် အနိုင်ရရှိခဲ့ တာကြောင့် သီတင်းသုံးပတ်တာ ကာလအတွင်း စပါးအသင်းကို သုံးကြိမ် အနိုင်ရရှိခဲ့တဲ့ မှတ်တမ်း ကောင်းတစ်ရပ်ကို ရရှိခဲ့တာဖြစ်ပါ တယ်။

ပရီမီယာလိဂ်ပွဲစဉ် ၂၄ မှာ စပါးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချယ်လ်ဆီးအသင်းဟာ ရမှတ် စုစုပေါင်း ၄၇ မှတ်နဲ့ အမှတ်ပေးဇယား တတိယနေရာမှာ ဆက်လက် ရပ်တည်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ စပါးအသင်းကတော့ ချယ်လ်ဆီး အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ် စုစုပေါင်း ၃၆ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်ခုနစ်နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

**ငွေကြယ်**

■ **ကျောဖုံးမှ**

ခင်သန်းဝေ၊ ချစ်ချစ်၊ နန့်ဇူဇူးထက်၊ ဖြူဖြူဝင်း၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ နော်ထက်ထက်ဝေ၊ နုနု၊ စန်းသော်သော်၊ ဂျူလိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ တောင်ကိုရီးယား အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း မြန်မာအသင်းမှာ ခံစစ်ကို ဆင့်ကဲဆင့်ကဲ ပိတ်ဆို့ကစားခဲ့သလို ဂိုးသမား မေဇင်နွယ်လည်း အမှားမရှိသဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် တောင်ကိုရီးယား အသင်းက တိုက်စစ်ပိုမြှင့်လာပြီး မိနစ် ၅၀ တွင် မြန်မာခံစစ် အမှားကို အခွင့်ကောင်းယူကာ လီဂွမ်မင်က အဖွင့်ဂိုးသွင်းယူ ခဲ့သည်။ ယင်းနောက်ပိုင်းတွင်တောင်ကိုရီးယားအသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ဒုတိယဂိုးကို ၈၄ မိနစ်တွင် ဂျီဆိုးယွန်က သွင်းယူခဲ့သည်။

တောင်ကိုရီးယားအသင်းသည် နှစ်ပွဲဆက်အနိုင်ရကာ ရမှတ်ခြောက်မှတ်ဖြင့် ကွာတားဖိုင်နယ်တက်ရောက်သွားပြီး မြန်မာအသင်းမှာမူ နှစ်ပွဲဆက်အရေးနိမ့်ကာ အမှတ်မရ သေးပေ။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုသုံးခုမှ ထိပ်ဆုံး နှစ်သင်းစီနှင့်တတိယနေရာရအသင်းများအနက်အကောင်းဆုံး နှစ်သင်းမှာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် နောက်ဆုံးပွဲတွင် အနိုင်ရပါက အုပ်စုတတိယနေရာရယူနိုင်မည်ဖြစ်သည်။ မြန်မာအသင်း သည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇန်နဝါရီ ၂၇ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-AFC**


**တစ်ဦးတည်းဖြစ်ကြောင်း**

ရမည်းသင်းမြို့၊ မြို့မအခြေခံပညာ အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား မောင်စန်းလင်းအောင်၏ ဖခင် ဦးသက်ထွေးနှင့် ဦးသက်ထွေးဦး [၉/ရမသ(နိုင်)၁၇၈၈၅၆]မှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Desktop Computer (၁၅)လုံးနှင့် Laptop (၁၅)လုံးတို့အား မြန်မာကျပ်ငွေ ဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၆-၁-၂၀၂၂ရက်မှ ၂-၂-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း) |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - ဂိတ်အမှတ်(၂)၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက် | - ၄-၂-၂၀၂၂ ရက်၊ ညနေ (၄:၀၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေ့ရက် | - ၈-၂-၂၀၂၂ ရက်၊ နံနက် (၁၀:၀၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - Assembly hall ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅) |

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက် များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၈၂၉၃ (အင်ဂျင်နီယာဌာနစိတ်၊ စက်မှု) သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**RC 2 ထပ်**
**လုံးချင်းငှားမည်**

ဘုရင့်နောင်လမ်းမကြီးပေါ် ပေါက်တောမီးပွိုင့်အနီး

24'x 60'

(ဆိုင်၊ ရုံးခန်း)

**ဖုန်း-09-5167728, 09- 776438091**

**အသိပေးအကြောင်းကြားခြင်း**

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသို့ လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်လိုသူများ၊ ကျောက်မျက်ရတနာသတင်း သိရှိလိုသူများ၊ အသင်းဝင်သက်တမ်းတိုးဆောင်ရွက်လိုသူများ၊ အသင်းသို့ အသင်းသားအဖြစ် ဝင်ရောက်လိုသူများ သိရှိဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိအသုံးပြုနေ သော Website နှင့် Email များအပြင် ဆက်လက်အသုံးပြုဆောင်ရွက်သွားမည့် Website အမည်မှာ www.mgjea.com နှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၊ မဏိရတနာကျောက်စိမ်းခန်းမ နေပြည်တော်တွင် လက်ရှိ အသုံးပြုနေသော Email အား mgjea.npt@gmail.com နှင့် info@mgjea.com တို့ဖြင့် ဖြည့်စွက်၍ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

**ပြင်ဆင်ဖတ်ရှုပါရန်**

(၂၃-၁-၂၀၂၂)ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၇)ပါ ဦးဒါဝုဒ်(ခ)ဦးငွေမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်းကြေညာတွင် အမှတ် (၄၈၈-G-40) ဟု မှားယွင်းဖော်ပြမိပါသဖြင့် အမှတ်(၄၈၈-G-37)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ငှားရန်ရှိသည်**

မြလမ်း၊ သာခုကန်စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ် တွင် မြေဧက(၃.၁၈ဧက)ပေါ်ရှိ ၄ ထပ်တိုက်နှင့် စက်ရုံ အဆောက်အဦပါ (၁၅၀၀၀၀ sqft ) မြေကွက်ငှားရန် ရှိသည်။


**ဆက်သွယ်ရန်-၀၉-၇၉၂၀၀၄၃၆၂၊ ၀၉-၉၆၅၁၀၈၄၅၉**

**တော**
**တောင်**
**ပျက်ပြုန်း**
**မြေဆီ**
**သုဉ်း၏**

**အများသိရှိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ အမှတ်(၄၇၉)၊ ဆယ်တော်(၂)လမ်း၊ ၁၃-ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့်မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် (၄၇၉)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ဦးခိုင်ထွန်းအောင် (HZA-၀၁၈၂၈၅) အမည်ပေါက်ဖြစ်ပါသည်။ မြေအမည်ပေါက်ထံမှ ယခုရောင်းသူ ဦးငွေးအောင် [၁၂/သဃက(နိုင်)၀၅၀၃၄၇]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက် ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝေ(စဉ်-၇၁၂၄)၊ ဒေါ်ဘီဘီသိန်း(ခ) ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**




**ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေသည့် Energy Saving Lamps များကို အသုံးပြုသင့်ပါသည်**

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၂၂ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# ခရစ်တော်၌အိပ်ပျော်ခြင်း

# မအေးမိုးတင်(မိုးစီ)

## အသက်(၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့သစ်အရှေ့ရပ်ကွက်၊ အမှတ်(၁၈)၊ ကျီးပင်လမ်းနေ (ကိုတင်ထွန်းမောင်-ဒေါ်မြသန်း) တို့၏သမီး၊ ဒေါ်ခင်သန်းတင်၊ ဦးဇော်ဝင်း-ဒေါ်မိမိတင်၊ Mr.Michael Peter Fennema-ဒေါ်မို့မို့တင်၊ ဒေါ်မေမျိုးတင်တို့၏ ညီမ၊ (ဦးထွန်းထွန်းမင်း)၏ဇနီး၊ မမင်းဝိမရာ၊ မောင်မင်းဝိသတာတို့၏မိခင်၊ တူ/တူမ လေးယောက်တို့၏အဒေါ် မအေးမိုးတင်(မိုးစီ) သည် ၂၄-၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၄:၂၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၁-၂၀၂၂ ရက် နံနက် ၁၀ နာရီတွင် ခရစ်တော်ဂိုဏ်းပေါင်းစုံဥယျာဉ်(အမိုးနီ)၌ ဝတ်ပြုကိုးကွယ်ပြီး မြေသို့အပ်နှံသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### စာချုပ်ဖျက်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း(၁)လမ်း၊ အမှတ်(၁၃) မြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် မြေရှင်များဖြစ်သော ဒေါ်ခင်သွဲ့သွဲ့အေး[၁၂/တမန(နိုင်)၀၂၃၅၆၀]နှင့် ဒေါ်အေးအေးမြင့် [၉/ပသက(နိုင်)၀၀၉၉၇၈] တို့သည် ကန်ထရိုက်တာ ဦးသန်းဇော်ဦး[၁၂/တတန(နိုင်)၁၈၃၈၆၆]ကိုင်ဆောင်သူနှင့် "(၁၅-၃-၂၀၂၀)နေ့စွဲပါ (၂)ခန်းတွဲ(၆)ထပ် အဆောက်အအုံသစ် ဆောက်လုပ်ရန်အတွက် မြေရှင်နှင့် ကန်ထရိုက်တို့အကြား အကျိုးအမြတ်ခွဲဝေရယူခြင်းသဘောတူကတိစာချုပ်" ချုပ်ဆို၍ အကျိုးတူဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုလုပ်ငန်းအပ်နှံခဲ့သော်လည်း ကန်ထရိုက်တာ ဦးသန်းဇော်ဦးဘက်မှ လုပ်ငန်းလုပ်ကိုင်ရန် ပျက်ကွက်ခဲ့ပြီး မြေရှင်များနှင့်လည်း လာရောက်တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခြင်းလည်းမရှိသဖြင့် ၎င်းနှင့်ချုပ်ဆိုထားသောစာချုပ်အား ဖျက်သိမ်းလိုက်ကြောင်း ဦးသန်းဇော်ဦးသိစေရန် ကြေညာအပ်ပါသည်။

အကယ်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေများထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း ဦးသန်းဇော်ဦးသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သွဲ့သွဲ့အေးနှင့် ဒေါ်အေးအေးမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၇၃)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

### ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(ဒီ)၊ စတုတ္ထထပ်၊ အခန်းအမှတ်(၄၀၂)၊ (၁၂၀၀)စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်မီတာ၊ ရေမော်တာနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ ပစ္စည်းစာရင်းနှင့်ပတ်သက်၍ (၂၀-၁၀-၂၀၁၆)ရက်စွဲပါ ကွန်ဒိုတိုက်ခန်း နှစ်ဖက်သဘောတူစာချုပ်အရ ဝယ်ယူထား၍ လက်ဝယ်ပိုင်ဆိုင်ကာ ရောင်းချခွင့်ရှိသူ ဒေါ်ဝေဝေအောင်[၁၂/သကတ(နိုင်)၁၉၀၅၅၆]မှ အရှုပ်အထွေး ကင်းရှင်းပါကြောင်း၊ စီမံခန့်ခွဲခွင့်ရှိကြောင်း၊ တိုက်ခန်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် ကိစ္စအရပ်ရပ်များကို တာဝန်ယူကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေသို့ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇(အေ)၊ တတိယထပ်၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

### "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁/၁၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-၁၆၇ နေ ဒေါ်ကျင်စိုး[၁၂/ဥကတ(နိုင်)၀၀၃၇၇၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ယာဉ်အမှတ် -AA/၈၇၉၂ (MDY) ၊ Probox ယာဉ် Taxi မှာ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်း ပိုင်ဆိုင်သောကားဖြစ်ပါသည်။ ဦးတင်အောင်ဟိန်း [၁၂/လသယ(နိုင်) ၀၀၀၁၂၃]အား တစ်ဆင့်ပြန်လည်အငှားချထားခြင်းသာဖြစ်ပြီး အဆိုပါယာဉ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်အား ထိခိုက်လာသူ မည်သူကိုမဆို ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်နီလာရွှေ LL.B (ADVOCATE) (H.R.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၄၉/၁၃)**
**ဖုန်း-၀၉-၄၃၁၅၇၁၃၈**

### "မွေးသက္ကရာဇ်အမှန်"

ကညွတ်ကွင်းမြို့နေ မိခင် ဒေါ်မြကြည် [၁၂/မဂတ(နိုင်)၀၇၇၈၃၈] ၏ သမီးဖြစ်သူ မနွယ်နွယ်သန့်[၁၂/မဂတ(နိုင်)၀၈၁၁၀၅] ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၁-၁၁-၁၉၆၉) ဖြစ်ပါကြောင်း။

### "အမှားပြင်ဆင်ချက်"

၂၂-၁-၂၀၂၂ ရက် ကြေးမုံသတင်းစာ စာမျက်နှာ ၂၄ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် အရောင်းအဝယ်ပြုလုပ်သော ပစ္စည်းစာရင်း၏လမ်းအမည်အား ညောင်ရမ်းလမ်းဟု မှားယွင်းဖော်ပြမိပါသည်။ လမ်းအမှန်မှာ ညောင်တုန်းလမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်ဖြူဖြူထွဏ်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၂၁၅၆)**
**Myanmar Shwe Zaluckpwint Services Co.Ltd**
**Ph: 09-977901502**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စစ်ကိုင်းလမ်း၊ အမှတ်(၂၁)၊ (၅)လွှာ(5A)၏ အကျိုးခံစားခွင့်ရှိသူ ဦးကျော်ကျော်မင်း[၁၂/လမတ(နိုင်)၀၂၁၆၈၃]ထံမှ ဒေါ်ငုဝါလှိုင်[၁၂/စခန(နိုင်)၀၅၉၆၃၁] သည် စာချုပ်စာတမ်းဖြင့် စရန်ငွေပေး၍ ဝယ်ယူထားပါသည်။ ပိုင်ဆိုင်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မငုဝါလှိုင်**
**ဖုန်း-၀၉-၅၁၉၃၃၃၄၊ ၀၉-၅၀၈၆၉၁၈**

### ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၂-၁-၂၀၂၂) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏စာမျက်နှာ ၂၅ပါ တရားလွှတ်တော်ရှေ့နေဦးအောင်မျိုးချစ်၏ "သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း" တွင် ဒေါ်စန္ဒာတင် [၁၂/ကတတ(နိုင်)၀၂၆၆၉၉] အစား ဒေါ်စန္ဒာတင် [၁၂/ကတတ(နိုင်)၀၂၆၆၅၅] ဟုပြင်ဆင်ဖတ်ရှုပေးပါရန်။

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၄)၊ မြေကွက်အမှတ်(၄၇)၊ ရွှေပင်လုံအိမ်ရာ၊ ဧရိယာ ၅၂၈၀စ/ပေ(၈၀ပေ x ၆၆ပေ)၊ (၀.၁၂၁)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၇)၊ ပင်လုံ(၁)လမ်း၊ (၂၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ဟုခေါ်တွင်သော အိမ်တစ်လုံးနှင့်တကွ အရပ်ရပ်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးကို ဂရန်အမည်ပေါက် ပိုင်ဆိုင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ကတိပြုသူ ဦးမြင့်သန်း [၁၂/သဃက(နိုင်)၀၁၇၉၀၄] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**တရားလွှတ်တော်ရှေ့နေ ဦးအောင်ခိုင် LL.B, Advocateship (စဉ်-၂၄၆၄/၈၃)**
**တရားလွှတ်တော်ရှေ့နေ ဒေါ်မြင့်မြင့်အေးB.A(Law), LL.B (စဉ်- ၂၄၀၃/၈၃)**
**အမှတ်- ၈၃/၁၁ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**၀၉-၉၇၆၄၁၄၀၁၀**
**အမှတ်(၇၂/၉၄)၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ၀၉-၇၉၉၆၄၀၇၅၇**

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း
တောင်ပိုင်း၊ ဆိပ်ကမ်း၊
မြေကွက်များ အထူး
ဈေးကောင်းပေးဝယ်သည်။
09-5027546

**သွေးသည် အသက်**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၈)ရပ်ကွက်၊ ငွေဇင်ယော်လမ်းမကြီး နှင့် နံ့သာဖြူလမ်းထောင့်၊ မြေကွက်အမှတ်-(၅၂၅/ခ)၊ မြေအကျယ်အဝန်း ပေ(၂၀x၆၀)ကို လက်ရှိမြေကွက်ပိုင်ရှင် ဒေါ်အေးကြူ(ဘ)ဦးအောင်သန်း[၁၂/တမန(နိုင်)၀၃၈၆၇၃]မှ ၎င်းမြေ ပေ(၂၀x၆၀)နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိဖြိုးသူ(ဘ)ဦးမင်းသူ[၁၂/သကတ(နိုင်)၁၈၀၄၁၈]အား တန်ဖိုးငွေ ၇၃,၀၀၀,၀၀၀/-(ကျပ်သိန်းခုနစ်ရာ့သုံးဆယ်တိတိ)ဖြင့် (၉-၁-၂၀၂၂)ရက်တွင် အပြီးအပိုင်ရောင်းချပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိဖြိုးသူသာ လက်ရှိပိုင်ရှင်ဖြစ်ကြောင်းနှင့် အဆိုပါဝယ်ယူထားသောမြေအား ဒေါ်အိဖြိုးသူ၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ အလွဲသုံးစားပြုခြင်းတို့ မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၁၆၀)**
**အမှတ်(၅၇)၊ အောင်သစ္စာလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၃၁၁၈၁၂၀**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၈)၊ မြေကွက်အမှတ်(၇၂၀)၊ မြေကွက်လိပ်စာအမှတ်(၂၂)၊ အောင်သီရိ(၆)လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမိုးကျော်သူ[၁၂/တမန(နိုင်)၀၂၃၇၆၁] အမည်ပေါက်လျက်ရှိသော ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်အာစီတိုက်အဆောက်အဦကို အမည်ပေါက် ဦးမိုးကျော်သူထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၇၉၀၅/၂၀၂၁ အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဝေလွင်[၁၂/ကတန(နိုင်)၀၇၀၀၀၂]ထံမှ ဝယ်ယူရန်အတွက် ဦးသက်အောင်[၁၂/ဥကမ(နိုင်)၀၁၅၇၆၄]က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်က အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၅၉)**
**အမှတ်(၆၄၉)၊ နှင်းဆီ(၅)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၉၅၁၆**

### (ဘ)ဦးစိုးမြင့်၏သား ဒေါက်တာစိုးဝင်းဦး[၁၄/အဂပ(နိုင်)၁၂၂၀၁၉]နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မိချောင်းကန်(၃)ရပ်ကွက်၊ အမှတ်(၃)တွင် တည်ရှိသော Super Seven Stars Public Co.,Ltd ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါက်တာ စိုးဝင်းဦးနှင့် အများသိစေရန်ကြေညာအပ်ပါသည်-

အမှတ်(၃၉၃)၊ အောင်သစ္စာလမ်း၊ (၄၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ ဒေါက်တာစိုးဝင်းဦးသည် Super Seven Stars Public Co.,Ltdမှ (၁၇-၁၁-၂၀၂၀)ရက်နေ့စွဲပါ အငှားဝယ်အရစ်ကျစနစ်ဖြင့် KIA-SORENTO GT အမျိုးအစား မော်တော်ယာဉ်နံပါတ်(6Q-2141)အား ဝယ်ယူထားပြီး ကုမ္ပဏီသို့လစဉ်မော်တော်ယာဉ်ဖိုးငွေများ ပေးသွင်းရမည်ဖြစ်သော်လည်း ပျက်ကွက်နေသည်မှာ စာချုပ်ချုပ်ဆိုသည့်နေ့ရက်မှစပြီး ယနေ့အချိန်ထိ (၁၄)လရှိပါသည်။ ထိုပျက်ကွက်မှုများအတွက် ဒေါက်တာစိုးဝင်းဦးထံသို့ ကုမ္ပဏီမှ အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍မရဘဲ မော်တော်ယာဉ် KIA-SORENTO GT(6Q-2141)မှာလည်း စုံစမ်းထောက်လှမ်းမရနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

ထို့ပြင် အဆိုပါမော်တော်ယာဉ်သည် Super Seven Stars Public Co.,Ltdမှ အငှားဝယ်ယူသူထံ အငှားဝယ်အရစ်ကျ ငွေပေးချေခြင်းစနစ်ဖြင့် ယုံကြည်အပ်နှံထားခြင်းဖြစ်ရာ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများအား လက်ခံဆောင်ရွက်သူများအနေဖြင့်လည်း နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ဆုံးရှုံးနစ်နာမှုများသည် မိမိတို့၏တာဝန်သာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါက်တာစိုးဝင်းဦး (သို့မဟုတ်) ထပ်ဆင့်လက်ခံထားသူတို့မှ ဤကြေညာချက်ဖော်ပြပါရှိသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကုမ္ပဏီထံသို့ အမြန်ဆုံးလာရောက်ပြီး မော်တော်ယာဉ်ဖိုးကျန်ငွေများ ပေးသွင်းရန်နှင့် (သို့မဟုတ်) မော်တော်ယာဉ်ကို အမြန်ဆုံးပြန်လည်အပ်နှံရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိ ဆက်လက်၍ Super Seven Stars Public Co.,Ltd ပိုင် KIA-SORENTO GT (6Q-2141) မော်တော်ယာဉ်လက်ခံရယူထားရှိသူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ပြင်းထန်စွာ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း ဒေါက်တာစိုးဝင်းဦးနှင့်တကွ အများသိစေရန် ထပ်ဆင့်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာဆွေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၁၄၇၂)**
**ဖုန်း-၀၉-၉၆၉၉၉၇၄၅၄**

### ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ မြေကွက်အမှတ်(၄၃၅/ခ)၊ သူကြွယ်လမ်း၊ ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ဝင်းဝါမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း အဆက်အစပ်စာချုပ်မူရင်းတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြတ်ပွင့်ဖြူ [၁၂/စခန(နိုင်)၀၆၄၇၁၉]မှ ၎င်းလက်ရှိ ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မ မဇင်နှင်း[၁၂/ကမတ(နိုင်) ၀၅၇၇၈၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မဇင်နှင်း[၁၂/ကမတ(နိုင်)၀၅၇၇၈၄]**
**Ph:09-421024470,09-799678507**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ကျေးရွာ၊ ကွင်းအမှတ်-(၉၉၉ A) ကလီထော်ကွင်း၊ ဦးပိုင်အမှတ်-က၄၈/၁၊ (လယ်ယာမြေ)၊ဧရိယာ (၅.၂၅)ဧကေ ဦးခင်မောင်အမည်ပေါက် လယ်ယာမြေကွက်အနက်မှ ဧရိယာ အလျား (၆၀)ပေx အနံ (၄၀)ပေကို စာရွက်စာတမ်းများ လက်ရှိထားလုပ်ပိုင်ခွင့်ရသူ ဦးခင်မောင် [၁၂/လကန(နိုင်)၀၆၅၂၂၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးလှိုင် [၁၂/လကန(နိုင်)၁၈၆၂၅၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အပြီးအပိုင် အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ယခုကြေညာသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူခိုင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၂၆) (၂၄-၁၀-၂၀၁၇)**
**အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်း၊**
**လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၅၄၈၂၄၆၀၊ ၀၉- ၄၂၀၂၉၈၆၁၃**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၁၂)၊ အလျား(၄၀)ပေxအနံ(၆၀)ပေရှိ ဦးကျော်မိုး အမည်ပေါက်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၁၁၂)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးသန်းစိုးထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆွေဝင်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၉၂)**
**အမှတ်(၁၃၂၈)၊ ကုန်းဘောင်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၉၉၀၂၉**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မောင်းတန်းလမ်း၊ အမှတ်(၆)၊ ၃ လွှာ(အေ) အခန်းနှင့် အကျိုးခံစားခွင့်အားလုံးကို တရားဝင်ပိုင်ဆိုင်၍ လက်ဝယ်ထားရှိသော အခန်းကို ပိုင်ရှင် ဦးခင်မောင်ကြည်၊ မှတ်ပုံတင်အမှတ်-[၉/ဝတန(နိုင်)၀၀၇၀၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူ၍ စရန်ငွေပေးထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် အတူတကွ ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းနိုင်(B.A, H.G.P, R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၄၄၆)**
**အမှတ်(၃၁)၊ လိပ်ကန်လမ်း၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဥတုရာသီ တောကိုမှီ၏**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



လွိုင်ကော်မြို့နယ် သီရိမင်္ဂလာဈေးရှေ့တွင် ပြည်သူများ ဈေးရောင်းဝယ်နေမှုများအား တွေ့ရစဉ်။

## ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းလာသည့်အတွက် တိုက်ပွဲရှောင်ပြည်သူများ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၄

ကယားပြည်နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ KNPP အဖွဲ့အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ထိတွေ့တိုက်ပွဲများကြောင့် တိုက်ပွဲဖြစ်ပွားရာနေရာများနှင့် လွတ်ကင်းသည့် နေရာများသို့ တိမ်းရှောင်လျက်ရှိသည့် လွိုင်ကော်မြို့ပေါ်အပါအဝင် အဆိုပါဒေသတစ်ဝိုက်မှ အပြစ်မဲ့ပြည်သူများအား နယ်မြေပြန်လည်တည်ငြိမ်အေးချမ်းပြီဖြစ်သည့် ၎င်းတို့၏နေရာဒေသများ၌ ပြန်လည်နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွိုင်ကော်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူ ၂၂၂ ဦးတို့သည် ၎င်းတို့ နေရပ်အသီးသီးသို့ ထပ်မံပြန်လည်ဝင်ရောက်နေထိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ပြန်လည်ဝင်ရောက်လာသည့် တိုက်ပွဲရှောင်ပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများက စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❒

**ယနေ့** ဖတ်စရာ

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အခန်းကဏ္ဍ




စာမျက်နှာ » ၁၁

### ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (ဝိဇ္ဇာအထူးပြုဘာသာရပ်) သင်တန်းများ ဖွင့်လှစ်

စာမျက်နှာ » ၁၂

### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၉၂ ဦး တွေ့ရှိ၊ ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၀၄ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၈

## ချယ်လ်ဆီးက စပါးကို သီတင်းသုံးပတ်အတွင်း သုံးကြိမ် အနိုင်ရရှိခဲ့

ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ ဇန်နဝါရီ ၂၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ စပါးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချယ်လ်ဆီးအသင်းက သီတင်းသုံးပတ်တာ ကာလအတွင်း သုံးကြိမ်အထိ အနိုင်ရရှိခဲ့ပြီလည်းဖြစ်ပါတယ်။

**အနိုင်ရရှိခဲ့**

ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ ပြီးခဲ့တဲ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ပထမပိုင်း ပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ချယ်လ်ဆီးအသင်းဟာ ဒုတိယပိုင်း ပွဲကစားချိန် ၄၇ မိနစ်မှာ ဇီယက်ချ်ရဲ့ သွင်းဂိုး၊ ၅၅ မိနစ်မှာ သီယာဂိုဆေးလ်ဗားရဲ့ သွင်းဂိုးတွေ ရရှိခဲ့တာကြောင့် စပါးအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ဟာ ဇန်နဝါရီ ၅ ရက်မှာ ကာရာဘောင်ဖလား ဆီမီးဖိုင်နယ်ပထမအကျော့ ပွဲစဉ်ကစားခဲ့ရာမှာ ချယ်လ်ဆီးအသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး ဇန်နဝါရီ ၁၂ ရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘောင်ဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့မှာလည်း ချယ်လ်ဆီးအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖



## ဒုတိယပိုင်းပေးလိုက်ရသည့် နှစ်ဂိုးဖြင့် မြန်မာအသင်း တောင်ကိုရီးယားကို ရှုံးနိမ့်

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၂၂ အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု ဒုတိယနေ့ပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲပိုင်းမှစ၍ အိန္ဒိယနိုင်ငံ၌ ဆက်လက်ကျင်းပသည်။

**နှစ်ပွဲဆက်အရေးနိမ့်**

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် အာရှထိပ်သီး တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အာရှထိပ်သီး တောင်ကိုရီးယားကို ပထမပိုင်းတွင် ဂိုးမရှိသရေကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ပေးလိုက်ရသည့် နှစ်ဂိုးဖြင့်သာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အာရှထိပ်သီးအသင်းဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယားတို့နှင့် ဆက်တိုက်တွေ့ဆုံခဲ့ပြီး နှစ်ပွဲဆက် အရေးနိမ့်ခဲ့သော်လည်း ယခင်တွေ့ဆုံမှုများထက် ပေးဂိုးနည်းအောင် ကစားနိုင်ခဲ့သည်။

မြန်မာအသင်းသည် ဂျပန်နှင့် ကစားခဲ့သည့် ပထမပွဲမှ ပွဲထွက်လူစာရင်းကို အနည်းငယ် အပြောင်းအလဲပြုလုပ်ခဲ့ပြီး မေဇင်နွယ်(ဂိုး)၊ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ■